ကြေးမုံ The Mirror

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်၊ အင်္ဂါနေ့၊ (8-1-2008) (၅၅၅၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံရေးအမြင် ရင့်သန်လာတဲ့ တိုင်းရင်းသားတွေဟာ ပြည်ထောင်စုပြိုကွဲမှာကို အထူးစိုးရိမ်ပြီး ပြည်ထောင်စုစိတ်ဓာတ်သည်သာ တိုင်းရင်းသားအားလုံးက ထာဝစဉ်စောင့်ရှောက်သွားကြရမယ့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း ခံယူလျက်ရှိ

တပ်မတော်အနေနဲ့လဲ ပြည်ထောင်စုပြိုကွဲမှာကို လက်သင့်ခံနိုင်ခြင်းလုံးဝမရှိ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ခြင်းဟာ တပ်မတော်ရဲ့ အစဉ်အလာတစ်ရပ်ဖြစ်

နေပြည်တော် ဇန်နဝါရီ ၇

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲအခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြောကြားသည့်မိန့်ခွန်း အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ရဲဘော်တို့–

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၅)ရဲ့ သင်တန်းဆင်းပွဲအခမ်းအနားမှာ သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့–

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ရဲ့ ရည်ရွယ်ချက်ဟာ **ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်မည့် အမျိုးသားတပ်မတော်အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် သူနာပြု ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ပညာသည်များ မွေးထုတ်ပေးရန်** ဖြစ်တယ်။

ဒို့တပ်မတော်ဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ်ကာကွယ်စောင့်ရှောက်သွားမယ့်မျိုးချစ်တပ်မတော်ဖြစ်တယ်။ ဒို့တာဝန်အရေးသုံးပါးဟာ ဒို့နိုင်ငံအတွင်းမှာ အတူတကွ မှီတင်းနေထိုင်လျက်ရှိကြတဲ့ တိုင်းရင်းသားမျိုးနွယ်ပေါင်းတစ်ရာကျော်တို့အတွက် အသက်တမျှအရေးကြီးလှတဲ့ အမျိုးသားအကျိုးစီးပွားဖြစ်တယ်။ ဒို့တိုင်းရင်းသားတွေဟာ နိုင်ငံတော်ရဲ့နေရာတိုင်း၊ ဒေသတိုင်းမှာပျံ့နှံ့ပြီး တစ်သားတည်းနေထိုင်လျက်ရှိကြတာဖြစ်တယ်။

လွတ်လပ်ရေးရပြီးစကာလမှာ လူမျိုးစွဲ၊ ဒေသစွဲကြီးတဲ့လူနည်းစုအချို့က ကိုယ့်ဒေသ၊ သူ့ဒေသ စည်းတားချင်တဲ့သဘောထားမျိုးတွေ လှုံ့ဆော်ခဲ့တာကြောင့် နိုင်ငံတော်ဟာ ပြည်ထောင်စုပြိုကွဲမယ့် အန္တရာယ်နဲ့မကြာခဏရင်ဆိုင်ခဲ့ရတယ်။ တိုင်းရင်းသားမျိုးနွယ်စုများပြားတဲ့ ဒို့နိုင်ငံဟာ ပြည်ထောင်စုကြီး ပြိုကွဲပြီဆိုရင် အစိတ်စိတ်အမြွှာမြွှာဖြစ်ပြီး အင်အားချည့်နဲ့သွားရာကတစ်ဆင့် နိုင်ငံပါပျောက်သွားလောက်အောင် အန္တရာယ်ကြီးမားတယ်။ ယနေ့ကာလမှာ နိုင်ငံရေးအမြင်ရင့်သန်လာပြီဖြစ်တဲ့ ဒို့တိုင်းရင်းသားတွေဟာ ပြည်ထောင်စုပြိုကွဲမှာကို အထူးစိုးရိမ်ပြီး ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံးက ထာဝစဉ်စောင့်ရှောက်သွားကြရမယ့်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ယခုဖောင်ကို အတည်ယူပါ

ကြေးမုံ
The Mirror

၈-၁-၂၀၀၈
(အင်္ဂါနေ့)

မျိုးဆက်သစ်လူငယ်များ ဘက်စုံထူးချွန်ရေး ဆက်လက်ပျိုးထောင်

နိုင်ငံနှင့်လူမျိုး၏ အနာဂတ်ရှင်သန်ဖွံ့ဖြိုးရေးသည် မျက်မှောက်ခေတ် မျိုးဆက်သစ်လူငယ်များ၏ လက်ဝယ်တွင် ရှိသကဲ့သို့ လူငယ်လူရွယ်များ၏ အရည်အချင်း၊ အတတ်ပညာနှင့် စိတ်ဓာတ်ခံယူချက်များ ပြည့်စုံရေးသည်လည်း ယနေ့ပညာရေးကဏ္ဍ၏ စွမ်းဆောင်ပေးနိုင်မှု အပေါ်တွင် မူတည်နေသည်။

ယခုအခါ နိုင်ငံတစ်ဝန်းတွင် အခြေခံပညာကျောင်းပေါင်း လေးသောင်းငါးရာကျော်၌ ဆရာ၊ ဆရာမ နှစ်သိန်း ခြောက်သောင်းကျော်တို့က ကျောင်းသား၊ ကျောင်းသူ ရှစ်သန်းကျော်တို့အား စာပေပညာ သင်ကြားပို့ချပေးလျက်ရှိသည်။ စာပေပညာနှင့် ယှဉ်တွဲ၍ သုတ၊ ရသ၊ ကာယ၊ ဉာဏ ဘက်စုံထူးချွန်စေရေး လေ့ကျင့်ပျိုးထောင်ပေးနေသည်ကို တွေ့ရသည်။

အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်း၏ ဝါသနာ၊ ဗီဇ၊ ကိုယ်ရည်ကိုယ်သွေးနှင့် ကြိုးစားအားထုတ်မှုတို့ကို ဖော်ထုတ်သင်ကြားပေးလျက်ရှိရာ ပညာရပ်အလိုက် ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာပြီဖြစ်သည်။ ဘက်စုံပညာထူးချွန်သူများအား နိုင်ငံတော်က အားပေးချီးမြှင့်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာန ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုများချီးမြှင့်ပွဲကို ဇန်နဝါရီလ ၃ ရက်နေ့က နေပြည်တော်၌ ကျင်းပပြီး ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရရှိကြသည့် ပြည်နယ်နှင့်တိုင်းများမှ အခြေခံပညာကျောင်း ကျောင်းအုပ်ကြီးများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံ့သားကောင်းသမီးမွန်များဖြစ်လာစေရေး စာပေအတတ်ပညာ၊ ယဉ်ကျေးသိမ်မွေ့မှု၊ စာရိတ္တမြင့်မားမှု၊ အမျိုးသားရေးအသိအမြင် မြင့်မားမှုတို့အတွက် ဆက်လက်လေ့ကျင့် ပျိုးထောင်ပေးကြရမည်ဖြစ်သည်။ အမျိုးသားပညာရေး မြှင့်တင်မှုအစီအမံများနှင့်အတူ ပညာရေးဌာန၊ မိဘပြည်သူများနှင့် ပညာရေးစေတနာရှင်များ၏ ပူးပေါင်းပါဝင် ကြိုးပမ်းမှုတို့ဖြင့် နိုင်ငံနှင့်လူမျိုးအတွက် စွမ်းဆောင်ပေးနိုင်မည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဆက်လက်ပေါ်ထွက်လာမည်ဖြစ်ပါသည်။ ။

သန်လျင်မြို့နယ် အောင်ချမ်းသာရပ်ကွက်ရှိ မြို့ဦးစက်ပစ်ကွင်းကျောင်းတိုက်ကြီးအတွင်း ဆောက်လုပ်လျက်ရှိသော ဇေယျာသုခမင်္ဂလာဗိမာန် နှစ်ထပ်ကျောင်းတော်ကြီးအတွက် ကွယ်လွန်သူဖခင်ကြီး ဦးမြင့်ဆွေအား ရည်စူး၍ ဇနီး ဒေါ်ကျင်ဥ၊ သမီး ဒေါ်သီတာဆွေ၊ ဒေါ်နီလာဆွေ မိသားစု ၃၃ လမ်း ရန်ကုန်မြို့မှ မြို့ဦးစက်ပစ်ကွင်းကျောင်းတိုက် ပဓာန နာယက ဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တတေဇထံ အလှူငွေကျပ်လေးသိန်း လှူဒါန်းစဉ်။ (က-ပ)

လသာမြို့နယ် အမှတ်(၃)ရပ်ကွက်၌ စာဖတ်ပိုင်းကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

လသာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၂၇ ရက်တွင် စာဖတ်ပွဲ အခမ်းအနားကို လသာမြို့နယ် (၃) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)၏ အကြီးအမှူး ဖြစ်စေတတ်သောတရား ဆောင်းပါးကို (၃) ရပ်ကွက် အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်ဝါဝါရိန်ကလည်းကောင်း၊ လိုင်းနှင့်လှေ ဆောင်းပါးကို ဒေါ်မိမိစန်းကလည်းကောင်း ဖတ်ကြားကြသည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်မူမူတင်က ပြန်လည်သုံးသပ်ဆွေးနွေးပြီး (၃)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ခိုင်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။ **(မြို့နယ်ပြန်/ဆက်)**

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး အသင်းဝင်များအား တွေ့ဆုံမှာကြား

နေပြည်တော် ဇန်နဝါရီ ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဇန်နဝါရီ ၅ ရက် ညနေပိုင်းတွင် ပဲခူးတိုင်း ကညွတ်ကွင်းမြို့ သီရိရတနာရွာလယ်ကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသီလစာရအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့်အလှူငွေများ ဆက်ကပ်သည်။

ယင်းနောက် အထွေထွေ အတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအား တွေ့ဆုံပြီး နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့်အတူ စေတနာထား ဝိုင်းဝန်းဆောင်ရွက်သွားကြရေး မှာကြားသည်။

လှည့်လည်ကြည်ညို

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် စေတနာရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် ဆောက်လုပ်ပြီးစီးနေသည့် ရွာလယ်ကျောင်းတိုက်နှင့် မိုးကောင်းစေတီနှင့်ဆုတောင်းပြည့်စေတီတော်များအား လှည့်လည်ကြည်ညိုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တွေ့ဆုံမှာကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကညွတ်ကွင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံမှာကြားစဉ်။ (လယ်/ဆည်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် 315 KVA ထရန်စဖော်မာဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက်က သီရိလမ်း၌ကျင်းပရာ ထရန်စဖော်မာ Breaker အား ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းနိုင်က မတင် ဖွင့်လှစ်ပေးပြီး မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလူလူသန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ မြန်မာ့လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၆၁)

ယောနယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ

ရန်ကုန် ဇန်နဝါရီ ၇

ယောနယ်အသင်း(ရန်ကုန်)၏ (၃၈) နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ၁၃၆၉ ခု ပြာသိုလပြည့်ကျော် ၅ ရက်(၂၇-၁-၂၀၀၈) ရက် မွန်းတည့် ၁၂ နာရီတွင် ၂၀၂၊ လမ်း၄၀၊ ယောနယ်အသင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကိုလည်း ယင်းအစည်းအဝေး၌ ကျင်းပသွားမည်ဖြစ်ရာ အသက် ၇၀ နှင့်အထက် အသင်းဝင်များနှင့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် တက္ကသိုလ်ဝင်တန်းအောင် အသင်းဝင်များ၏ သား၊ သမီးများသည် ဇန်နဝါရီ ၁၉ ရက် နောက်ဆုံးထား၍ ဦးအေးမောင် ဥက္ကဋ္ဌ ၅၂၊လမ်း၃၀၊ဦးအောင်မြ၊ဒုတိယဥက္ကဋ္ဌ၊ ၁၄၀၊၃၇လမ်းနှင့်ဦးသာလှအတွင်းရေးမှူး ၉၉၊ ဆိပ်ကမ်းသာလမ်းထံသို့ ပြည့်စုံစွာဖြည့်စွက်ပြီးထောက်ခံချက် အထောက်အထားများနှင့်အတူ လျှောက်လွှာတင်ပြရန် အလုပ်အမှုဆောင်ကော်မတီက နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မရမ်းကုန်းမြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေး

ရန်ကုန် ဇန်နဝါရီ ၇

မရမ်းကုန်းမြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၉ ရက်(စနေနေ့)မွန်းလွဲ ၁ နာရီတွင် မရမ်းကုန်းမြို့နယ် လူငယ်သင်တန်းကျောင်း(ကျိုက်ဝိုင်း)၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးအောင်က အမှာစကားပြောကြားပြီး ဖွဲ့စည်းရေးအဖွဲ့ခေါင်းဆောင် ဓနုဖြူ ဦးစိုးသိန်း (ပြန်ကြားရေးမှူး-၂)က ရှင်းလင်းပြီး ဥက္ကဋ္ဌ သမိုင်းကိုကိုလှိုင်၊ ဒု-ဥက္ကဋ္ဌ တက္ကသိုလ်သိန်းထွန်း၊ အတွင်းရေးမှူး ဆုမွန်ကျော်တို့ ပါဝင်သော မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ခန့်အပ်လွှာကို(ဗဟို) အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးတင်ဦးလေးက ပေးအပ်သည်။

(ဝဲပုံ) (က-ပ)

အလက(၃)တာမွေ၊ အထက(၅)မင်္ဂလာတောင်ညွန့် ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၇

အလက(၃)တာမွေနှင့် အထက(၅) မင်္ဂလာတောင်ညွန့်(ယခင်စိန့်မိုက်ကယ်ကျောင်း)၏ ၂၀၀၈ ခုနှစ် အဌမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၁၂ ရက်(စနေနေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက ကျင်းပမည့်နေ့ရက်တွင် စင်ထရယ်ဟိုတယ်ရှိ ကျင်းပရေးကော်မတီထံသို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ညီညွတ်သော၊ အေးချမ်းသော ကျေးလက်စာပေခရီး

ချစ်နိုင်(စိတ်ပညာ)

ညီညွတ်ရေးတရား။ မညီမညွတ် ငြင်းခုံခိုက်ရန်ဖြစ်ပွားခြင်းကို ပျက်စီးတတ်သောဘေး ဟုမြင်ပြီး ငြင်းခုံခိုက်ရန် ကင်းဝေးစည်းဝေး ညီညွတ်ခြင်းကို ဘေးဘျမ်းမရှိ ချမ်းသာ၏ ဟုမြင်ပြီး၍ ညီညွတ်ကုန်သည်၊ အပြေအပြစ်ရှိကြကုန်သည် ဖြစ်ကြကုန်လော့။ ဤသို့ ညီညွတ်ကြကုန်သည် ဟူသော အဆုံးအမသည် ဘုရားအဆူဆူ တို့၏ အဆုံးအမတော်တည်း။

ယောအတွင်းဝန် ဦးဘိုးလှိုင်

(ရာဇဓမ္မသင်္ဂဟကျမ်းမှ)

အထက်ဖော်ပြပါ ရာဇဓမ္မသင်္ဂဟကျမ်း၌ ယောမင်းကြီးဦးဘိုးလှိုင် ရေးသားခဲ့တဲ့ **"ညီညွတ်ရေးတရား"**ဆိုတဲ့ စာသားစာပိုဒ်ကို ၂၆–၁၁–၂၀၀၇ ရက်နေ့ မွန်းလွဲ ၁၂နာရီခွဲတွင် မအူပင်မြို့နယ် **လေးအိမ်စုကျေးရွာရှိ မင်္ဂလာစာကြည့်တိုက်**ရဲ့ နံရံတစ်နေရာမှာ ထင်ထင်ရှားရှား တွေ့ခဲ့ရပါတယ်။ ဒါဟာ ခုမှ ရေးကပ်တာလားဆိုရင်တော့ မဟုတ်ပါ။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က စာကြည့်တိုက် အမှုဆောင်တွေက ကောင်းနိုးရာရာ အဆိုအမိန့်တွေကို ကောက်နုတ်ကိုးကားပြီး ရေးသားချိတ်ဆွဲထားခဲ့တာပါ။ ပေါ်ပင်လုပ်နေကြတာမဟုတ်ဘူး။ ရေရှည်တည်တံ့ ခိုင်မြဲအောင် ဖွဲ့ရှိရှိ၊ ရည်မှန်းချက် မြင့်မြင့်မားမားနဲ့ ကြိုးစားနေကြတာဆိုတဲ့ အချက်ကို တွေ့မြင်ရပါတယ်။ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွေဟာ အတော်လေး အောင်မြင်လာပါပြီ။ နိုဝင်ဘာလကုန်မှာ ပြုလုပ်ခဲ့တဲ့ ဧရာဝတီတိုင်းအတွင်း ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက် စံပြဆုရွေးချယ်ခြင်းဆုပေးပွဲအခမ်းအနားမှာ ပထမ ရေကြည်မြို့နယ် **အသုတ်မြို့လောကအမွန်စာကြည့်တိုက်**၊ ဒုတိယက အင်္ဂပူမြို့နယ် **ထူးကြီးမြို့ကြီးပွားရေးစာကြည့်တိုက်**နဲ့ တတိယက မအူပင်မြို့နယ် **လေးအိမ်စုရွာ မင်္ဂလာစာကြည့်တိုက်**တို့က ဆုအသီးသီး ချီးမြှင့်ခံခဲ့ရပါတယ်။

ဒီခရီးရဲ့အစကတော့ နေပြည်တော်မှ ရန်ကုန်သို့ မိမိက ၂၅–၁၁–၂၀၀၇ ရက်နေ့ထွက်ခဲ့တယ်။ ရန်ကုန်မှ ၂၆–၁၁–၂၀၀၇ (တနင်္လာနေ့) နံနက်မှာ စာရေးဆရာ ဒေါက်တာခင်မောင်ညိုနဲ့ ဆရာ လယ်တွင်းသားစောချစ်တို့ကိုပါ ခေါ်ဆောင်ပြီး တိုယိုတာဆူပါရ(ဖ်)ကားလေးနဲ့ မအူပင်မြို့သို့ ထွက်ခဲ့ကြတယ်။ ဒီဆရာ နှစ်ဦးစလုံးက ကျေးရွာစာကြည့်တိုက်များ အောင်မြင်ရှင်သန်ထွန်းကားရေးကို စိတ်ရောကိုယ်ပါ အားပေးကြတဲ့ သူတွေမို့ ပင့်ဖိတ်တာပါ။

မအူပင်မြို့ကို နံနက်၇ နာရီခွဲကျော်ကျော်လောက် ရောက်ကြပါတယ်။ မအူပင်မြို့မှ ထနီးကျေးရွာသို့ နံနက် ၈ နာရီကျော်မှာ စက်လှေတစ်စင်းနဲ့ ထွက်ခွာခဲ့ကြပါတယ်။

ထနီးကျေးရွာအလယ်တန်းကျောင်းမှာ ကျောင်းသူ၊ ကျောင်းသားတွေနဲ့ ရပ်ရွာလူထုဟာ ရုံပြည့်ရုံလျှံ နေရာယူထားကြပါပြီ။ ထနီးရွာ **"ရွှေအလင်းရောင်စာကြည့်တိုက်"**မှာ တိုက်ပုံဝတ်၊ ပုဆိုးလဲပြီး ဟောပြောရမည့်ကျောင်းကို ခပ်မြန်မြန်ပဲ ချီတက်ကြပါတယ်။ စာရေးဆရာ သုံးယောက်ပါတဲ့ လှေလေးဆိုက်တော့ ရပ်သူ ရွာသားတွေ ကြိုဆိုရင်း ဝမ်းသာပျော်ရွှင်နေကြတာ သူတို့မျက်နှာတွင် အထင်းသား ပေါ်လွင်နေပါတယ်။ သြော်...ပထမအကြိမ် စာပေဟောပြောပွဲပေကိုး။ ကြည်နူးရင်ခုန် နေကြမယ်။

မအူပင်မြို့နယ် ထနီးကျေးရွာ **"ရွှေအလင်းရောင်စာကြည့်တိုက်"** ဟာ ၃၆ပေ x ၂၀ပေ ရှိပြီး သွပ်မိုး၊ အုတ်ကာ အခိုင်အမာ အဆောက်အအုံပါ။ အမိုးမြင့်တယ်၊ အလင်းရောင်ကောင်းတယ်၊ ပရိဘောဂလည်း ပြည့်စုံတယ်။ ကုန်ကျငွေကျပ်၉၄ သိန်းကျော်ကို ဦးသော်–ဒေါ်အေးဖော့မိသားစု၊ ဦးဘဟန်–ဒေါ်ကျင်အေး မိသားစုနဲ့ ဦးတိုးမောင်–ဒေါ်သန်းရီ၊ သုံးပွင့်ဆိုင်မိသားစုတို့က ၃၁၁သမ၅ သိန်းစီ အညီအမျှ ထည့်ဝင်လှူဒါန်းတည်ဆောက်ခဲ့ကြတာ ၂၀၀၇ ခု ဇွန်လ ၂၄ ရက်နေ့မှာ ပြီးစီးတယ်။ သစ်လွင်သပ်ရပ်ပြီး စာအုပ်တွေလည်း မနည်းပါ။ နှစ်ပေါင်းများစွာ ခိုင်မာမည့်အဆောက်အအုံမှာ အနာဂတ်အတွက် အလင်းရောင်ဖြာမယ့် စာကြည့်တိုက်ကို ဖွင့်လှစ်လိုက်နိုင်ပြီ။ စာအုပ်နှစ်ထောင်ကျော်ရှိတယ်။ ကျောင်းနဲ့လည်း နီးပါတယ်။ ကောင်းတယ်။ သားဖွားခန်းနဲ့လည်း ခြံစည်းရိုး ကပ်လျက်။ ပထမအကြိမ် စာပေဟောပြောပွဲတွင် မိမိက ပထမစတင် ဟောပြောတယ်။

၁။ ချစ်နိုင်(စိတ်ပညာ)က **လူဖြစ်ရတဲ့ ရည်ရွယ်ချက်**

၂။ ဒေါက်တာခင်မောင်ညိုက **မိမိကိုယ်ကို ပြောင်းလဲခြင်း**

၃။ လယ်တွင်းသားစောချစ်က **အောင်စိတ်**

ဆရာဒေါက်တာခင်မောင်ညိုနဲ့ မိမိက မိနစ် ၅၀ တစ်ချိန်စာစီ ဟောပြောတယ်။ ဆရာလယ်တွင်းသားစောချစ်က တစ်နာရီကျော် လောက် ဟောပြောတယ်။ နေ့လယ် ၁၂ နာရီထိုးသွားရော။ ပရိသတ်ကတော့ စာပေ ဟောပြောပွဲကို အရသာတွေ့ပြီး တမေ့တမော။ ထမင်းဆာမှန်းတောင် သတိရပုံမပေါ်ပါ။ ပျော်ရွှင်ရယ်မော တသောသောနဲ့ အားရစရာ ကောင်းလှပါတယ်။ ခေါင်းစဉ်ကိုကြည့်ရင်ပဲ ကျွန်တော်တို့ သုံးဦး ဟောပြောတဲ့ အကြောင်းအရာဟာ မိမိသိရှိလေ့လာထားချက်ကို နားထောင်သူပရိသတ်အား စိတ်ဓာတ်အားတက် နိုးကြားအောင် ကြိုးစားထားတယ်ဆိုတာ ပေါ်လွင်ပါလိမ့်မယ်။

စကားစပ်မိလို့ ပြောရရင် လူထုပရိသတ်ကို စင်ပေါ်ကနေ ဟောပြောရခြင်းဟာ တကယ်တော့ လွယ်ကူတဲ့ အတတ်ပညာမဟုတ်ပါ။ ၁၉၉၇ ခုနှစ်လောက်က စတင်ပြီး လေ့လာလေ့ကျင့်ခဲ့ရတာ ၂၀၀၇ ခုနှစ် ရောက်တဲ့အခါ မိမိအတန်အသင့် နားလည်လာပါတယ်။

ဟောပြောခြင်းဟာ သင်ကြားပြသနေခြင်းမဟုတ်ပါ။

တတ်မြောက်စေရန်၊ မှတ်သားစေရန်ထက် ခံစားချက်နဲ့အတူ နှစ်သက်စွဲမက်စေရန် အနုပညာမြောက်စွာ တင်ဆက်ရတဲ့ အရာဖြစ်ပါတယ်။ စကားလုံး၊ အကြောင်းအရာ၊ အဖွဲ့အနွဲ့၊ အဆင်တန်ဆာ အလင်္ကာ အများဆုံး သုံးရတယ်။ စကားလုံးပြောင်မြောက်ရတယ်။ ရင်ထဲအထိ စွဲငြိစေရမယ်။ ဘာကိုပြောတာလဲဆိုတာ အပြင် ဘယ်လိုပြောသလဲဆိုတာ ဟောပြောသူရဲ့တာဝန်ပါ။

ပရိသတ်ကို သုံးလေးနာရီလောက် မငြီးငွေ့အောင်၊ အာရုံဝင်စားထိုင်နားထောင်နေချင်အောင် ဆွဲဆောင်နိုင်မှုရှိရပါတယ်။ အသံနေအသံထားနဲ့ ဂါထာများရွတ်ဆိုပြချင်ပြ။ သီချင်းကဗျာလင်္ကာဆိုပြတန်ပြရ။ လေသံ၊ ဟန်ပန် ရှင်းလင်းပီသပြီး ဟောပြောဟန်ကလည်း ကောင်းဖို့လိုတယ်။ မိမိလိုရာကို ပရိသတ်မျောပါလာအောင် ဆွဲဆောင်ခေါ်ဆောင်သွားရမယ်လေ။ ဝတ္ထုပုံပြင်သာဓကတွေ တင်ပြသင့်တယ်။ သဘာဝယုတ္တိ၊ အာဂမယုတ္တိ၊ ပသာဒယုတ္တိရှိရမယ်။ စိတ်ရွှင်လန်းစေရန် ဟာသအရွှန်းအသောလည်း ပါသင့်တယ်။ ခြောက်တိ ခြောက်ကပ်ကြီး ပြောနေရင် တဖွဲ့ဖွဲ့ထပြန်ကြလို့ လူကျန်မှာမဟုတ်ဘူး။ ဘယ်သူမှ တားလို့မရနိုင်ပါဘူး။ စိတ်မဝင်စားရင် ထွက်သွားမှာ။ ခံစားချက်ချင်း ထပ်တူပူးဝင်ပြီး ရယ်စရာဟာသပြောရင် ရယ်ကြ၊ ငိုစရာပြောရင် ငိုကြ။ အဲသလို ဖမ်းစားလွှမ်းမိုးနိုင်မှ စာပေဟောပြောပွဲက အသက်ဝင်ပါတယ်။ အောင်မြင်တယ်။

ဆရာ့ဆရာများကို အတုယူသင်ယူရင်းနဲ့ တိုးတက်ကျွမ်းကျင်လာတော့ မိမိလည်း မဆိုးလှပါဘူး။ ထနီးရွာ၊ လေးအိမ်စုရွာ၊ ပန်းတနော်မြို့နယ် မရမ်းရွာတို့မှာ အောင်မြင်တဲ့ စာပေဟောပြောပွဲများ ဖြစ်မြောက်စေခဲ့ပါတယ်။ စာပေဖတ်ချင်စိတ်တွေ ပေါ်ပေါက်အောင် လှုံ့ဆော်နိုင်ခဲ့ပါတယ်။

ဟောပြောပွဲပြီးတော့ ထနီးရွာ **"ရွှေအလင်းရောင်စာကြည့်တိုက်"**ကို လေ့လာကြည့်ရှုကြတယ်။ စာအုပ်တွေ ၂၀၀၀ ရှိတာ အားရစရာပဲ။ စာကြည့်တိုက်အလှူရှင်များ၊ တာဝန်ရှိသူများနဲ့ ရပ်မိရပ်ဖများကို တွေ့ဆုံပြီး စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးကြပါတယ်။ ရန်ကုန်မြို့၊ စကားဝါလမ်း၊ အမှတ်(၁၂)တိပိဋကကျောင်းတော်မှ ဆရာတော် အရှင်ဝိရိယနန္ဒက စာအုပ် ၃၀၀ကျော် လှူဒါန်းခဲ့ပါတယ်။ ထနီးရွာ ဒေါ်နီနီခိုင်က မြတ်မင်္ဂလာနဲ့ မင်္ဂလာမောင်မယ်စာစောင်များကို လစဉ်ရာသက်ပန်လှူဒါန်းနေပါတယ်။

(၁) ဒေသအာဏာပိုင်အဖွဲ့အစည်းရဲ့အား

(၂) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းလူငယ်များရဲ့အား

(၃) စေတနာရှင်များ၊ အလှူရှင်များနဲ့ ပြည်သူများရဲ့အား

(၄) ပြန်ကြားရေးဝန်ထမ်းများရဲ့အား

ဆွေးနွေးပွဲပြီးတော့ ရပ်မိရပ်ဖ ဦးတိုးမောင်ရဲ့အိမ်မှာ နေ့လယ်စာစားကြတယ်။ စားပွဲဝိုင်းလေးဝိုင်းမှာ အလှူပွဲ တစ်ခုပမာ အားရပါးရ စားလိုက်ကြတာ။ လှတောသားပြောပုံနဲ့ဆိုရင် "ပြောင်းဖူးပြုတ်တွေကို မြို့ကလူတွေ စားနေကြတာလေ၊ ဘာဂျာအပြိုင်မှုတ်တာကျနေတာပဲ"။ ဟင်းတွေကကောင်း၊ ဆာလည်းဆာတော့ စားလို့ဝင်ပါတယ်။ ရေချိုငါးသလောက်ကို ပေါင်းထားတာ လတ်ဆတ်တော့ ထူးထူးခြားခြား ချိုပါတယ်။ အခြား ဟင်းတွေလည်း ကောင်းပါတယ်။

နေ့လယ် ၁ နာရီနီးတော့ ထနီးရွာမှ စက်လှေနဲ့ ဆက်ပြီး ထွက်ခွာကြတယ်။ မိနစ် ၂၀လောက်ပဲ စက်လှေခုတ် မောင်းရပါတယ်။ လေးအိမ်စုကျေးရွာ၊ ရွာသစ်စု မဟာသတိပဋ္ဌာန်ကျောင်းကို ဆိုက်ကပ်ပါပြီ။ မိမိအဖို့တော့ ဒုတိယအကြိမ်မြောက် ရောက်ရှိခြင်းပါ။ ယနေ့ဟာ လေးအိမ်စုကျေးရွာဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသရဲ့(၅၅)နှစ်ပြည့်နေ့နဲ့လည်း တိုက်ဆိုင်နေပါတယ်။

လေးအိမ်စု ကျေးရွာကို **"မင်္ဂလာစာကြည့်တိုက်"**ရယ်လို့ စတင်ဖြစ်ပေါ်လာအောင် ရပ်မိရပ်ဖများနဲ့ လူငယ်လူရွယ်များကို ဦးဆောင်ဟောပြောပြီး ဓမ္မအလင်းရောင်ထွန်းညှိခဲ့တဲ့ ဆရာတော်ပါ။ လေးအိမ်စုရွာ အဘ ဦးဘအေးနှင့်အမိ ဒေါ်လှမြိုင်တို့က ၁၃၁၄ခုနှစ် နတ်တော်လဆန်း ၁၀ရက်တွင် မွေးဖွားခဲ့သော အရှင်ဝိစိတ္တသာရာဘိဝံသသည် ၁၃၄၀ပြည့်နှစ်၊ မန္တလေးမြို့ ဓမ္မာစရိယ စာချတန်းကို ဝင်ရောက်ဖြေဆိုရာ ကျမ်းရင်းသုံးကျမ်း တစ်ပြည်လုံးနံပါတ်(၁)၊ ပထမဆင့်ဖြင့် အောင်မြင်တော်မူပြီး **"အဂ္ဂမဟာအကျော်ဘွဲ့"**ကို ရရှိတော်မူခဲ့တယ်။ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်ဇယမေဒိနီဝါဆိုကျောင်း ဆရာတော် ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂိယထံမှာ သင်ယူအောင်မြင်ခဲ့သူဖြစ်ပါတယ်။

စံကင်းဆရာတော်ကြီးနဲ့ ဝါဆိုကျောင်းဆရာတော်ကြီးတို့ရဲ့ မွေးရပ်ဇာတိကို ရောက်ခဲ့ဖူးတယ်။ လင်းယဉ်ရွာကို လေ့လာတဲ့အခါ သူ့စိတ်မှာ **"သြော်...အမြော်အမြင်ကြီးမားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ရှေ့က အပင်ပန်းခံ ကြိုးစားသွားရင် နောင်လာနောင်သားများ ကောင်းကျိုးချမ်းသာ ခံစားရပါကလား။ ငါလည်း အနည်းတကာ့အနည်းဆုံး ငါ့ကျေးရွာအတွက် ပြန်လည်အကျိုးပြုနိုင်အောင် ကြိုးစားမယ်"** လို့ စိတ်ကူးဆုံးဖြတ်ခဲ့ပါသတဲ့။ ရန်ကုန်မြို့ ဗဟန်းရှိ ကရင်ပရိယတ္တိကျောင်း ဆရာတော် အရှင်အာစိဏ္ဏ(လေးအိမ်စုရွာဖွား)ထံမှာ အင်္ဂလိပ်စာပေ သင်ယူတယ်။ အရှင် အာစိဏ္ဏဦးစီးတည်ထောင်တော်မူသော လှော်ကားကန်အနီး အမြိုက်ကျောင်းသင်္ခမ်းပဋိပတ်သာသနာပြုလုပ်ငန်းမှာ ပါဝင်ထမ်းဆောင်တယ်။ ဆရာကောင်း၊ ဆရာမြတ်များထံမှ ရခဲ့တဲ့ စိတ်ဓာတ်အမွေနဲ့ အဂ္ဂမဟာအကျော် အရှင်ဝိစိတ္တသာရာဘိဝံသ (လေးအိမ်စု)ဟာ မိမိဇာတိကျေးရွာကို **"မင်္ဂလာစာကြည့်တိုက်"** ထူထောင်ကူညီ ကြည့်ရှုခြင်းဖြင့် စောင့်ရှောက်နေပါတယ်။

ဆရာတော်ရဲ့ (၅၅)နှစ်ပြည့် သံဃာ့ပူဇော်ပွဲမှာ မိမိတို့ စာရေးဆရာသုံးဦးက လေးအိမ်စုရွာ စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်းတိုက်ကြီးတွင် နေ့လယ် ၁ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ သုံးနာရီတိတိ **"စာပေဟောပြောပွဲ"** နဲ့ ဂုဏ်ပြုပူဇော်ကြပါတယ်။

၁။ ချစ်နိုင်(စိတ်ပညာ) **လူဖြစ်ရတဲ့ ရည်ရွယ်ချက်**

၂။ ဒေါက်တာ ခင်မောင်ညို **မိမိကိုယ်ကို ပူပြင်ခြင်း**

၃။ လယ်တွင်းသားစောချစ် **ဘဝထဲကစာ၊ စာထဲက ဘဝ**

ကျောင်းသူကျောင်းသားများရယ်၊ အိမ်ခြေနှစ်ထောင်ကျော်မှ ကျေးရွာလူထုများရယ် အားရပါးရ တက်ရောက်ကြတယ်။ ဆရာဒေါက်တာခင်မောင်ညို၊ ဆရာလယ်တွင်းသားစောချစ်တို့ကလည်း စိတ်အားထက်သန်စွာ စေတနာပါပါနဲ့ ဟောပြောလို့ ရယ်မောသံတွေဟာ တသောသောညံပါလေရော။ ပြောသူနဲ့ ပရိသတ်လမိုင်းကပ်ပြီဆိုမှဖြင့် နားထောင်ရတာ အရသာရှိနေတော့တာပေါ့။

ညနေပိုင်းဟောပြောပွဲပြီးတော့ ရွာလယ်ရှိ **"မင်္ဂလာစာကြည့်တိုက်"** သို့ တစ်ခေါက်ပြန်ရောက်ရှိပြီး လေ့လာကြပါတယ်။ စာကြည့်တိုက်မှာ စာအုပ်ပေါင်း ၄၀၀၀ကျော်ရှိတယ်။ မဂ္ဂဇင်း၊ ဂျာနယ်တွေလည်း စနစ်တကျစင်တွေနဲ့ တင်ထားတာ အများကြီး။ အားရစရာကောင်းပါတယ်။ အမှတ်တရ မှတ်တမ်းလည်း ရေးခဲ့ကြတယ်။ မှတ်တမ်းရေးထားကြတဲ့ တက္ကသိုလ်ဆရာ၊ ဆရာမများ၊ ကျန်းမာရေး၊ ပညာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးဆိုင်ရာများရဲ့ ချီးကျူးအားပေးစာတွေကို တွေ့ရပါတယ်။ အားတက်ကြည်နူးစရာဖြစ်ပါတယ်။ စာကြည့်တိုက်ကို သုံးထပ်တိုက် တည်ဆောက်ဖို့ ၆၅ပေ x ၈၀ပေ ဘေးက မြေကွက်ကို အလှူရှင်က ဝယ်ယူလှူဒါန်းပေးထားပါပြီ။ ကွန်ပျူတာများ တပ်ဆင်ဖို့အထိ ရည်ရွယ်တယ်။ တိုးတက်ခေတ်မီတဲ့ နိုင်ငံတော်ရဲ့ အနာဂတ်ကို မျှော်ရည်ပြီး ခေတ်မီတဲ့ ကျေးရွာစာကြည့်တိုက်ဖြစ်အောင် ထူထောင်တိုးချဲ့သွားကြမယ်။ ဒီရွာက သီလရှင်ဆရာလေး ဒေါ်ဟေမာစာရီကလည်း ရပ်ရွာရဲ့ ဘာသာရေး၊ ပညာရေးကို အထူးပဲ ထက်သန်တက်ကြွစွာ ဦးဆောင်အားပေးတယ်။ B.Sc (I.C) ဘွဲ့ရ နော်သန်းသန်းဝင်းအဖြစ်မှ ဝတ်ကြောင်ကို စွန့်ခွာ၍ ဘာသာရေးလမ်းမှာ ဘဝကို မြှုပ်နှံအားထုတ်နေသူဖြစ်ပါတယ်။ ချီးကျူးလောက်တဲ့ ရပ်ရွာအကျိုးဆောင် အမျိုးသမီးတစ်ဦးပါပဲ။

လေးအိမ်စုကျေးရွာ လူငယ်တွေက မော်တော်ဆိုင်ကယ်များပေါ် တင်ခေါ်ပြီး မိမိတို့ကို ရွာသစ်စုမူလတန်းကျောင်းမှာ နေရာချထားပါတယ်။ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းနဲ့ ရေကန်၊ သန့်စင်ခန်းစသဖြင့် သပ်ရပ်လှပတဲ့ကျောင်းဆောင်သစ်လေးဟာ ယိုယွင်းယိမ်းယိုင်နေတဲ့ဝါးကျောင်းအစား ဂျပန်အစိုးရက ကူညီထောက်ပံ့လို့ ၁၆–၇–၂၀၀၄မှာ စတင်ဆောက်လုပ်ခဲ့ရာ ၁၈–၁–၂၀၀၅မှာ ပြီးပါတယ်။ ကလေးတွေအတွက် အဆောက်အအုံကောင်းကောင်း၊ ပရိဘောဂပြည့်ပြည့်စုံစုံနဲ့ စာသင်ကြရမှာကို မြင်ယောင်ပြီး စိတ်ထဲမှာ ကြည်နူးပီတိဖြစ်စွာ ဒေါ်လာလေးသောင်းကျော် ဂျပန်အလှူရှင်အပေါ် သာခုခေါ်မိပါတယ်။

သို့သော် ... ဒီလိုကျောင်းလေးတွေ အရေအတွက်ရာထောင်ချီပြီး ဆောက်လုပ်လှူဒါန်းဖို့စီစဉ်နေတဲ့ ဂျပန်အစိုးရကို **"ပညာရေး အကူအညီ မပေးပါနဲ့။ ပညာရေးထောက်ပံ့မှုတွေရပ်ဆိုင်းပါ။ ပိတ်ဆို့ပါ။ ဝိုင်းပယ်ထားပါ။ ဖိအားပေးပါ"ဆိုပြီး ပြည်တွင်းပြည်ပအဆိုးမြင်ဝါဒီ အချို့က နှောင့်ယှက်လိုက်ကြတာကြောင့် အကူအညီအထောက်အပံ့တွေ ရပ်စဲသွားခဲ့ရတယ်။ ဝမ်းနည်းစရာပဲ။ တကယ်တော့ ဘယ်ပါတီ ဘယ်အစိုးရ တက်တက်၊ ပြည်သူလူထုရဲ့ပညာရေးဟာ အားပေးဖေးမ ကြရမှာပါ။ အသိဉာဏ်ခေါင်းပါးပြီး မိုက်မဲယုတ်ညံ့တဲ့နိုင်ငံရေးသမား အချို့ဟာ တိုက်ရခိုက်ရ ဆန့်ကျင်ရရင် သူတို့အောင်ပွဲခံမယ် ထင်မှတ် မှားရှာခဲ့တယ်။ အကုသိုလ်ဝဋ်ကြွေးတွေဝန်လေးပါဘိ။ သနားစရာ သတ္တဝါတွေပဲ။ သူတို့နှိပ်စက်လို့ကလေးတွေဆင်းရဲကြရတာကိုမမြော်မြင် တတ်ကြဘူး။ အခုဆိုရင် သူတို့နောင်တရလောက်ပါပြီ။** လေးအိမ်စုရွာ မူလတန်းကျောင်းလေးမှာ ညအိပ်ကြပါတယ်။ ညစာကို စေတနာနဲ့ စုပေါင်းချက်ပြုတ် ကျွေးမွေးတာ များပြားလှပါတယ်။ စာပေဟောပြောပွဲ နားထောင်ကောင်းလိုက်တာ၊ အချိန်ကုန်လို့ကုန်မှန်းမသိဘူးလို့ ချက်ပြုတ် ကျွေးမွေးသူတွေက ပြောပါတယ်။ ကြားရတာဝမ်းသာပါတယ်။ ဆရာ ဒေါက်တာခင်မောင်ညိုနဲ့ ဆရာ လယ်တွင်းသားစောချစ်တို့ဟာ တက္ကသိုလ်မှာ စာသင်ကြခဲ့တဲ့ အတွေ့အကြုံရင့်ကျက်ခဲ့တာရယ်၊ လူအမျိုးမျိုး၊ ပရိသတ်အမျိုးမျိုးကို ဟောပြောခဲ့ဖူးတဲ့ အတွေ့အကြုံရယ်ဖြတ်သန်းခဲ့လေတော့ တကယ်လည်း အပြောကောင်း အဟောကောင်းတွေဖြစ်ပါတယ်။

ညအခါလသာတယ်။

လေးအိမ်စုအရှင်ဝိစိတ္တသာရာဘိဝံသပူဇော်ပွဲကို သွားရောက်ကြည့်ရှုကြတယ်။ လူကြီးလူငယ်အရွယ်မျိုးစုံ ပျော်ရွှင်ကြတဲ့ ဘာသာရေးပွဲသဘင်ပဲ။ ထူးခြားတာက မီးတွေထိန်ထိန်ထွန်းပြီး လူတွေစည်ကားပေမယ့် ရူးရူးမူးမူး ဆူဆူညံညံမရှိ။ အသောက်အစားကင်းရှင်းခြင်းဟာ မင်္ဂလာတစ်ပါးပဲ။ အေးချမ်းတည်ငြိမ်စွာပျော်ရွှင်နေကြတယ်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✡

ယခုဖောင်ကို အတည်ယူပါ

☆ ရှေ့ဖုံးမှ

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း ခံယူလျက်ရှိကြပြီဖြစ်တယ်။ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ဖို့ အဓိကတာဝန်ရှိတဲ့ တပ်မတော်အနေနဲ့လဲ ပြည်ထောင်စုပြိုကွဲမှာကို လက်သင့်ခံနိုင်ခြင်း လုံးဝမရှိတဲ့အတွက် ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ပန်ဆင်ခြင်းဟာ တပ်မတော်ရဲ့အစဉ်အလာတစ်ရပ်ဖြစ်ခဲ့တယ်။ ရဲဘော်တို့ဟာ တပ်မတော်ရဲ့ မှန်မြတ်တဲ့ အစဉ်အလာတွေကို ဆက်လက်သယ်ပိုးကြရမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့–

သူနာပြုနဲ့ဆေးဘက်ပညာသည်များဖြစ်ကြတဲ့ ရဲဘော်တို့ဟာ ပြည်သူတို့ရဲ့အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်တဲ့ တိုက်ပွဲဝင်တပ်မတော်သားများလည်းဖြစ်ကြရမယ်။ လိုအပ်လာရင်တပ်ကိုကွပ်ကဲပြီး တိုက်ပွဲဝင်နိုင်စွမ်းရှိရမယ်။ ဒါကြောင့် ရဲဘော်တို့ကိုတပ်စုမှူးအဆင့် စစ်ပညာနဲ့ စစ်ဘက်ခေါင်းဆောင်မှု သဘောတရားတွေကို သင်ကြားပေးထားပြီးဖြစ်တယ်။ ထို့အတူပဲ ခြေလျင်တပ်စုမှူးသင်တန်း၊ ခြေလျင်တပ်ခွဲမှူးသင်တန်းနဲ့ ခြေလျင်တပ်ရင်းမှူး သင်တန်းတွေကို အဆင့်နဲ့လျော်ညီစွာ ဆက်လက် တက်ရောက်လေ့ကျင့်ကြရဦးမှာဖြစ်တယ်။

ဒါ့အပြင် နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ဟာ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှုနဲ့ စွမ်းရည်သုံးရပ်ပြည့်စုံမှုဆိုတဲ့ အခြေခံအရည်အချင်းငါးပါးနဲ့ပြည့်စုံကြရမယ်။ စစ်ဘက်တာဝန်ရဲ့သဘာဝဟာ ခက်ခဲကြမ်းတမ်းပင်ပန်းတဲ့အတွက် စိတ်ဓာတ်အခြေခံကောင်းမှသာ ထမ်းဆောင်နိုင်မှာဖြစ်တယ်။ စိတ်ဓာတ်ကောင်းမှ သတ္တိဗျတ္တိရှိပြီး စွန့်လွှတ် စွန့်စားရဲမှာဖြစ်တယ်။ ခွဲလုံ့လဝီရိယနဲ့ အပင်ပန်းအဆင်းရဲခံနိုင်မှာဖြစ်တယ်။ ထို့အတူပဲ လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဟာ စည်းကမ်းကို မဏ္ဍိုင်ပြုရတာဖြစ်တယ်။ ရဲဘော်တို့အနေနဲ့ဆိုရင် ဆေးဝန်ထမ်းတို့ရဲ့ဂုဏ်သိက္ခာကိုပါ စောင့်စည်းရမှာဖြစ်တဲ့အတွက် စည်းကမ်းအရာမှာ စံပြဖြစ်ဖို့လိုအပ်တယ်။ ဒါ့အပြင် နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ် သစ္စာတရားကြီးမားမှလဲ ရဲဘော်တို့ရဲ့ သန္နိဋ္ဌာန်စိတ်ဟာ ခိုင်မာမှာဖြစ်တယ်။ နေ့စဉ်နဲ့အမျှ သစ္စာပြုနေကြတဲ့ ရဲဘော်တို့ဟာ အချင်းချင်းအပေါ် မေတ္တာတရား၊ သံယောဇဉ်တရားတွေ ထားတတ်တဲ့ ရဲဘော်စိတ်ရှိမယ်ဆိုရင် စစ်မြေပြင်မှာ တစ်ဦးကိုတစ်ဦး အသက်ပေးနိုင်သည်အထိ စည်းလုံးညီညွတ်မှု ခိုင်မာကြမှာဖြစ်တယ်။နိုင်ငံတော်ကို ပြိုကွဲစေလိုတဲ့ အဆိုးမြင်ဝါဒီတွေဟာ တပ်မတော်ဖြိုခွဲရေးအတွက် အစဉ်တစိုက် ကြံစည်ကြိုးပမ်းနေကြတာကြောင့် ရဲဘော်တို့ဟာ စည်းလုံးညီညွတ်ရေး သတိရှိဖို့လိုအပ်တယ်။ အခြေခံအရည်အချင်းငါးပါးရဲ့ နောက်ဆုံးအချက်ဖြစ်တဲ့ စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နဲ့ စည်းရုံးရေးစွမ်းရည်စတဲ့ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံဖို့အတွက်ကတော့ လေ့ကျင့်သား ပြည့်ဝမှုနဲ့အတွေ့အကြုံရင့်ကျက်မှုကို ပေါင်းစပ်ပြီးမှ ဆင့်ကဲကြိုးစားအားထုတ်ကြရမှာဖြစ်တယ်။

ရဲဘော်တို့–

ရဲဘော်တို့ဟာ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေးမှာ ကျန်းမာရေးစောင့်ရှောက် မြှင့်တင်မှုကဏ္ဍက ပါဝင်ကြရမှာဖြစ်တယ်။ ဒါကြောင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှာ သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့တို့အပြင် ဆေးဘက်ပညာ သိပ္ပံဘွဲ့မှာ ရောဂါရှာဖွေရေးနည်းပညာ၊ ဓာတ်မှန်ရိုက်ပညာ၊ ကာယကုသမှုပညာ စသဖြင့် အထူးပြုပညာရပ် အသီးသီးကို သင်ကြားပေးလျက်ရှိတယ်။ ထို့အတူပဲ သူနာပြု မဟာသိပ္ပံဘွဲ့သင်တန်းကိုလဲ ဖွင့်လှစ် သင်ကြားပေးလျက်ရှိတဲ့အပြင် ထိုက်တန်သူတွေဟာ သူနာပြုပါရဂူဘွဲ့အတွက် ဆက်လက်သင်ကြားခွင့်ရရှိကြရမှာဖြစ်တယ်။

သူနာပြုလုပ်ငန်းဆိုတာဟာ ကျန်းမာရေးကဏ္ဍမှာ မရှိမဖြစ် အရေးပါတဲ့ လုပ်ငန်းတစ်ရပ်ဖြစ်တယ်။ မေတ္တာကရုဏာကြီးမားတတ်ခြင်း၊ စေတနာထက်သန်ခြင်း၊ အပင်ပန်း အဆင်းရဲခံနိုင်ခြင်း၊ ကိုယ်ကျိုးစွန့် အနစ်နာခံတတ်ခြင်းစတဲ့ မွန်မြတ်တဲ့ နှလုံးရည်နဲ့ ပြည့်စုံသူတွေသာ ထမ်းဆောင်နိုင်တဲ့ တာဝန်မျိုးလဲ ဖြစ်တယ်။

ရဲဘော်တို့ဟာ **ကျွမ်းကျင်၊ ကူညီ၊ ဆေးစစ်သည်** ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ မိမိတတ်ကျွမ်းတဲ့ ပညာရပ်နဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်မှာ ပါဝင်ထမ်းဆောင်တဲ့နည်းတူ ပြည်သူတို့ရဲ့ ကျန်းမာရေးကိုလဲ စောင့်ရှောက်ကြရမယ်။ ဒါကြောင့် ရောက်ရာဒေသမှာ တွေ့ကြုံရတဲ့ပြည်သူကို ကိုယ့်မိဘအရင်းအချာပမာ ပြုစုကြရမယ်။ **တပ်မတော်သည် ပြည်သူ့အတွက်** ဆိုတဲ့ မူဝါဒအတိုင်း ပြည်သူကို အလုပ်အကျွေးပြုရမယ်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းမှာပါဝင်ပြီး ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ကြရမယ်။

ပြည်သူတို့ရဲ့ ရင်သွေးတွေဖြစ်တဲ့ ရဲဘော်တို့က ပြည်သူကို စောင့်ရှောက်တဲ့နည်းတူ ပြည်သူကလဲ တပ်မတော်ကို မဏ္ဍိုင်ပြုပြီး နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ခြင်းနဲ့ ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ခြင်းတို့ကို ပြုလုပ်ကြမှာဖြစ်တယ်။ ဒါဟာ နိုင်ငံတော်က ဖော်ဆောင်နေတဲ့ ပြည်သူ့စစ်မဟာဗျူဟာပဲဖြစ်ကြောင်း မှာကြားလိုတယ်။

သင်တန်းတပ်ခွဲများကို စစ်ဆေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး သင်တန်းတပ်ခွဲများကို စစ်ဆေးစဉ်။ (သတင်းစဉ်)

ရဲဘော်တို့–

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့

- **ဒို့တာဝန်အရေးသုံးပါးကို အသက်ပေးကာကွယ် စောင့်ရှောက်ကြပါ။**
- **လက်ရုံးရည်၊ နှလုံးရည်နဲ့ ပြည့်စုံတဲ့ တပ်မတော်သားဆေးဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းကြပါ။**
- **တပ်တိုင်း၊ ရဲဘော်တိုင်းမှာရှိရမယ့် အခြေခံအရည်အချင်းငါးပါးနဲ့ ပြည့်ဝအောင် ဖြည့်ဆည်းကြပါ။**
- **ကျွမ်းကျင်၊ ကူညီ၊ ဆေးစစ်သည် ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ တပ်မတော်သားများရဲ့ ကျန်းမာရေးသာမက ပြည်သူတို့ရဲ့ ကျန်းမာရေးကိုပါ စောင့်ရှောက်မြှင့်တင်ပေးခြင်းဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ကြပါ**

လို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

တပ်မတော်(ကြည်း၊ ရေ၊ လေ)ရေကူးနှင့် ဝါတာပိုလိုပြိုင်ပွဲ ဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

၂၀၀၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊လေ) ရေကူးနှင့် ဝါတာပိုလိုပြိုင်ပွဲ ဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရေဝတီ ရေတပ်စခန်းဌာနချုပ်ရှိ တပ်မတော်(ရေ) ရေကူးကန်၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရေဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအပြီးတွင် ဗိုလ်လုပွဲများကို ဆက်လက်ကျင်းပရာ အကြီးတန်းနှင့် ဝါတာပိုလိုတံခွန်စိုက်ဒိုင်းဆုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် လူသစ်တန်းတံခွန်စိုက်ဒိုင်းဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းတို့က ဆွတ်ခူးရရှိကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသော အသင်းများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ၂၀၀၇ ခုနှစ်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊လေ) ရေကူးနှင့်ဝါတာပိုလိုပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုရရှိသော အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်**(ယာပုံ)**က တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၇

သဃ်န်းကျွန်းမြို့နယ် သံဃနာယက ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ နှင်းဆီကုန်း ဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် ဦးပဏ္ဍိတနှင့် စေတနာရှင်များပူးပေါင်း၍ နှစ်စဉ် ကျင်းပမြဲဖြစ်သော (၂၇)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၁၆ရက်မှ ၂၀ ရက်အထိ ငါးရက်တိုင် ပူဇော်ကြမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဓမ္မရိပ်သာ ကျောင်းဆရာတော်ထံသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

✡ **စာမျက်နှာ ၃ ဆောင်းပါးမှအဆက်**

မင်္ဂလာစာပေသင်တန်း၊ မင်္ဂလာစာမေးပွဲအောင်မြင်သူတွေကို ဆုများချီးမြှင့်ကြပါတယ်။ ငါးပါးသီလသရုပ်ဖော်ပြဇာတ်တို့တွေ ကပြကြတယ်။ လူငယ်တွေဟာ ပါဝင်လှုပ်ရှားရတာပျော်ရွှင်နေကြတယ်။ ဘုရား၊ တရားအဆုံးအမနဲ့ ကြည်နူးပျော်ရွှင်ကြရခြင်းဓမ္မကို ပြန့်ပွားဝေငှခြင်း သဘောမို့ သူတို့ကိုကြည့်ကာ မိမိတို့လည်း ကြည်နူးမိပါတယ်။ ဝိုင်အမ်ဘီအေအသင်းကြီးနဲ့ဆက်သွယ်ပြီး မင်္ဂလာစာမေးပွဲဖြေဆိုရာမှာ ဝင်သူဦးရေများခြင်း၊ ထူးချွန်စွာ အောင်မြင်သူများခြင်းတို့ကြောင့် လေးအိမ်စုဟာ ထင်ရှားပေါ်လွင်ပါတယ်။

အနဝဇ္ဇာနိ ကမ္မာနိ မင်္ဂလာ၊ ဒီအချက်ကို ဆရာတော်က ဘယ်လို အနက်ဖွင့်ပါသလဲ။

“အပြစ်ကင်းသော လူထုအကျိုးပြုအမှုကိစ္စများကို ပြုလုပ်ခြင်း၊ ကျောင်းကန်ဘုရား၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း စသည်တို့၌ သန့်ရှင်းရေး ပြုလုပ်ခြင်း၊ လုပ်အားပေးခြင်း၊ အများအတွက် ရေတွင်း ရေကန်တူးခြင်း၊ ဇရပ်ဆောက်ခြင်း၊ တံတားခင်းခြင်း၊ ခရီးသွားများ နားခိုရန် သစ်ပင်စိုက်ခြင်း၊ အပန်းဖြေရိပ်သာဆောက်ခြင်း၊ လူထုအကျိုး ဆောင်ရွက်ခြင်း၊ တိုင်းပြည်အတွက်လုပ်အားပေးခြင်း၊ ကျောင်းကန်ဘုရား၊ ဇရပ်တန်ဆောင်း၌ ဝေယျာဝစ္စလုပ်ခြင်း၊ အများကောင်းမှု အဆောက်အအုံများကို မပျက်စီးအောင် ထိန်းသိမ်းခြင်း၊ သွားရင်းလာရင်းဒုက္ခတွေ့နေသူများတွေ့လျှင်ကူညီခြင်း၊ အခမဲ့ဆေးဝါးကုသပေးခြင်း၊ သတ္တဝါတို့၏ အသက်ကိုကယ်ဆယ်ခြင်း စသည်တို့သည် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်းများဖြစ်ကြ၏”တဲ့။

ဟော– လူထုအကျိုးပြုလုပ်ငန်းတွေမှာ မပါကြဖို့၊ လူထုအကျိုးပြုလုပ်ငန်းတွေကို အားမပေးဖို့၊ တိုင်းပြည်အတွက် လုပ်အားပေးတာဝန်ကို Forced Labourဟုသတ်မှတ်စွပ်စွဲကာ မလုပ်ဆောင်ကြဖို့ တားဆီးပိတ်ပင်နေကြတဲ့ အနောက်တိုင်းမီဒီယာနဲ့ ပြည်တွင်းလောက်ကောင်အချို့ဟာ တမင်တကာ အမင်္ဂလာတွေလုပ်နေတာပါလားလို့ ထင်ထင်ရှားရှား မြင်တွေ့လာရပါတယ်။ သိလာကြပါပြီ။ တိုင်းပြည်နဲ့လူမျိုးကို ကြီးပွားတိုးတက်မှာ မလိုလားတဲ့အတွက်ကောက်ကျစ်ရက်စက်စွာ မင်္ဂလာတရားတွေနဲ့ ဆန့်ကျင်တဲ့အမင်္ဂလာတွေပဲ ပြောဆိုတိုက်တွန်းနေတာပါကော။ မြတ်စွာဘုရားရဲ့ သဗ္ဗလောကဟိတတ္ထာယဆိုတဲ့အတိုင်း လောကလူသားအားလုံးရဲ့အကျိုးအတွက် ဟောကြားတော်မူခဲ့တဲ့ တရားကတော့ ဘယ်မှားမှာလဲ။ ဓမ္မနဲ့ထိပ်တိုက်ရင်ဆိုင်မိုက်နေကြတဲ့သူ အချို့ကား သူ့လမ်းသူသွားပေလိမ့်မယ်။ ဒါပါပဲ။ လူနည်းစုလေးပါ။

ငြင်းခုံခိုက်ရန်ကင်းဝေး၊ စည်းဝေးညီညွတ်ခြင်းကို ပြည်သူလူထုအားလုံးက လိုလားကြပါ၏။ ဘာ့ကြောင့်ဆို... ညီညွတ်ခြင်းကို ဘေးဘယာမရှိ အေးချမ်းသာယာ၏ဟု သိမြင်နေကြသောကြောင့် မဟုတ်ပါလား။ ။

ဂျော်ဂျီယာနိုင်ငံ တောက်ခ်လီအာရီဒေသတွင် ဆီးနှင်းများထူထပ်စွာကျနေသည်ကို ဇန်နဝါရီ ၅ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်တွင် ရွှေ့ပြောင်းဆေးရုံသုံးရုံထူထောင်မည်

ဒူဘိုင်း ဇန်နဝါရီ ၆

ပါကစ္စတန်နိုင်ငံတွင်အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) အကူအညီဖြင့် ရွှေ့ပြောင်းအခြေစိုက်ဆေးရုံသုံးရုံကို ထူထောင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၄ ရက် အင်တာနက်သတင်းတွင်ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ ဆင်းပြည်နယ်ရှိ ဝေးလံသီခေါင်သော ဒေသများ၌ နေထိုင်သူ ဆင်းရဲသားများအတွက် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်စေရန် ရွှေ့ပြောင်းဆေးရုံများကို ထူထောင်မည်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံတွင် ရွှေ့ပြောင်းဆေးရုံများ ထူထောင်နိုင်ရန် ယူအေအီး ဒုတိယဝန်ကြီးချုပ် ရှိတ်ဟမ်ဒန်ဘင်အယ်လ်နာယန်က စီစဉ်ပေးခဲ့သည်။

ဆင်းပြည်နယ်ရှိ သွားလာရခက်ခဲသော ဒေသများ၌ နေထိုင်သူ ဆင်းရဲသား ၄၀၀၀ကျော်အတွက် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ယူအေအီးနှင့် ပါကစ္စတန်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ယူအေအီးနိုင်ငံသည် ယင်းဆေးရုံများ၌ တာဝန်ထမ်းဆောင်ရန် အဖွဲ့ဝင် ၅၀ ပါဝင်သော ဆေးဘက်ဆိုင်ရာ အဖွဲ့တစ်ဖွဲ့စေလွှတ်ပေးမည်ဖြစ်သည်။ ဆင်းပြည်နယ်ရှိ သွားလာရခက်ခဲသော ဒေသများ၌ နာတာရှည်ရောဂါများ ခံစားနေရသည့် ပြည်သူများရှိကြောင်း၊ ဆေးဘက်ဆိုင်ရာ အကူအညီပေးရေး ဝန်ထမ်းများ စေလွှတ်ပေးမည့်အပြင် ရွှေ့ပြောင်းနိုင်သည့် ဆေးရုံများကို ထူထောင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ရွှေ့ပြောင်းဆေးရုံများသည် ဒေသတစ်ခုမှ ဒေသတစ်ခုသို့ အလွယ်တကူရွှေ့ပြောင်းနိုင်ရန် စီစဉ်ထားပြီး ဆေးဝါးကုသမှု ခံယူရန် မျှော်လင့်ချက်ကင်းမဲ့နေသူများအတွက် အထောက်အပံ့ပေးနိုင်မည်ဖြစ်သည်။

အင်တာနက်။

အီရန်သို့ ဓာတ်ငွေ့တင်ပို့မှု တာ့ခ်မင်နစ္စတန် ရပ်ဆိုင်း

တီဟီရန် ဇန်နဝါရီ ၆

အီရန်နိုင်ငံသို့ သဘာဝဓာတ်ငွေ့တင်ပို့ရောင်းချမှုကို တာ့ခ်မင်နစ္စတန်နိုင်ငံက ရပ်ဆိုင်းထားကြောင်း၊ ယင်းမှာ စက်ပိုင်းဆိုင်ရာနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပြဿနာများ ရှိနေခြင်းကြောင့်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၄ရက်တွင် ပြောကြားသည်။

သဘာဝဓာတ်ငွေ့ရရှိမှု ရပ်ဆိုင်းသွားခြင်းကြောင့် ဒေသအချို့တွင် ဓာတ်ငွေ့ပြတ်တောက်မှုများဖြစ်ပေါ်ခဲ့ရသည်။ တာ့ခ်မင်နစ္စတန်နိုင်ငံသည် အီရန် ဓာတ်ငွေ့သုံးစွဲမှု၏ ၅ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးလျက်ရှိသည်။ တာ့ခ်မင်နစ္စတန်နိုင်ငံက အီရန်သို့ ဓာတ်ငွေ့တစ်ရက်လျှင် ကုဗမီတာ ၂၃သန်းအထိ ထောက်ပံ့ပေးလျက်ရှိသည်။ တာ့ခ်မင်နစ္စတန်နိုင်ငံသည် ဓာတ်ငွေ့ဈေးနှုန်းကို မြှင့်တင်လိုခြင်းကြောင့် အီရန်သို့ဓာတ်ငွေ့ထောက်ပံ့မှု ရပ်ဆိုင်းခြင်းဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ သို့ရာတွင် အီရန်ဓာတ်ငွေ့ကုမ္ပဏီက ဝေဖန်ပြောကြားခြင်းမရှိပေ။

၂၀၀၈ခုနှစ်တွင် ရောင်းချပေးမည့် သဘာဝဓာတ်ငွေ့အတွက် ဈေးနှုန်းသတ်မှတ်နိုင်ရေးအတွက် အီရန်ကိုယ်စားလှယ်အဖွဲ့သည် တာ့ခ်မင်နစ္စတန်သို့ မကြာသေးမီက သွားရောက်ခဲ့သည်။ အီရန်နိုင်ငံသည် ဓာတ်ငွေ့သိုက်များပိုင်ဆိုင်သော်လည်းပြည်ပမှဓာတ်ငွေ့တင်သွင်းနေရသည့်နိုင်ငံဖြစ်သည်။ ***အင်တာနက်။***

အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၃၉၀၅ဦးရှိပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ဒီယာလာပြည်နယ်တွင် ဇန်နဝါရီ ၃ရက်က ခုခံတိုက်ခိုက်သူများ၏ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က သောကြာနေ့တွင် ပြောကြားသည်။

သေဆုံး

အလားတူ ဘဂ္ဂဒက်မြို့တောင်ပိုင်းတွင် ဇန်နဝါရီ ၂ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ခြေကျင်ကင်းလှည့်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း စစ်ဘက်က ပြောကြားသည်။

အီရတ်စစ်ပွဲ ဖြစ်ပွားချိန်မှ ယနေ့အထိ အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၃၉၀၅ ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ် အစီရင်ခံစာ၌ ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗင်နီဇွဲလားနိုင်ငံ လော့စ်ရိုကွစ်ဒေသမှ ပျံတက်ပြီးနောက် ဇန်နဝါရီ ၄ရက်က ပျောက်ဆုံးသွားသော လေယာဉ်ကို မပျောက်ဆုံးမီက တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားအိုင်တီပစ္စည်း တင်ပို့မှုတိုးတက်

ဆိုးလ် ဇန်နဝါရီ ၆

တောင်ကိုရီးယားနိုင်ငံ၏ သတင်းနည်းပညာဆိုင်ရာ ပစ္စည်းများ တင်ပို့မှုသည် ၂၀၀၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂၅ဒသမ ၁ဘီလီယံရရှိပြီး ပို့ကုန်တိုးတက်မှုသည် ၁၀ဒသမ ၅ရာခိုင်နှုန်းရှိကြောင်း တောင်ကိုရီးယားနိုင်ငံ သတင်းနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ၃ရက်တွင် ထုတ်ပြန်သည်။

တောင်ကိုရီးယားနိုင်ငံတွင် သတင်းနည်းပညာဆိုင်ရာ ပစ္စည်းတင်သွင်းမှုတန်ဖိုးမှာအမေရိကန်ဒေါ်လာ၆၄ဒသမ ၈ဘီလီယံရှိပြီးယခင်နှစ်ထက် ၉ဒသမ ၉ရာခိုင်နှုန်းတိုးမြင့်လာကြောင်း သတင်းတွင် ဖော်ပြထားသည်။ ၂၀၀၇ ခုနှစ်သည် တောင်ကိုရီးယားနိုင်ငံ၏ သတင်းဆိုင်ရာ နည်းပညာပစ္စည်း ကုန်သွယ်ရေးတွင် ရရှိသော ပိုငွေသည် အမေရိကန်ဒေါ်လာဘီလီယံ ၆၀ထိရှိကြောင်း သိရှိရသည်။

သတင်းဆိုင်ရာနည်းပညာပစ္စည်းများ ကုန်သွယ်ရေးတွင် ဆယ်ဂဏန်းအထိ တိုးတက်မှုရရှိလာခြင်းမှာ ဒုတိယနှစ်အဖြစ် ဆက်တိုက်တိုးတက်လာခြင်းဖြစ်သည်။ ဒေါ်လာနှင့်ယှဉ်လျှင် တောင်ကိုရီးယားငွေဈေးတက်နေသည့် အခြေအနေနှင့် အိုင်တီပစ္စည်းများ ဈေးကျလာသည့်အခြေအနေ ရှိနေသော်လည်း တောင်ကိုရီးယား၏ အိုင်တီလုပ်ငန်း တိုးတက်လာကြောင်း ဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုပ်မြင်သံကြားဇာတ်လမ်း ရိုက်ကူးစဉ် မော်တော်ဘုတ်ချင်း တိုက်မိ၍ တစ်ဦးသေဆုံး

ကွာလာလမ်ပူ ဇန်နဝါရီ ၆

မလေးရှားနိုင်ငံတွင် အကောက်ခွန်ဌာနက မှောင်ခိုမှုတားဆီးရေးလှုပ်ရှားမှု အစီအစဉ်တစ်ရပ်အရ ရုပ်မြင်သံကြား ပညာပေးဇာတ်လမ်း ရိုက်ကူးနေစဉ်အတွင်း မတော်တဆဖြစ်မှုကြောင့် အကောက်ခွန်ဝန်ထမ်းတစ်ဦး သေဆုံးရကြောင်း ဇန်နဝါရီ ၄ရက်အင်တာနက် သတင်းတွင် ဖော်ပြသည်။

အကောက်ခွန်ဌာနပိုင် မော်တော်ဘုတ်တစ်စင်းက မှောင်ခိုပစ္စည်းများ တင်ဆောင်လာသော မော်တော်ဘုတ်တစ်စင်း၏နောက်သို့ အပြင်းမောင်းနှင်ကာ လိုက်လံဖမ်းဆီးပုံကို ရုပ်မြင်သံကြား ဇာတ်လမ်းရိုက်ကူးခဲ့ရာတွင် မော်တော် ဘုတ်ချင်း တိုက်မိမှုကြောင့် မိုဟာမက် နိုးဇိန်နူဒင်ဆိုသူ အကောက်ခွန် အရာရှိတစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိပြီးနောက် ဆေးရုံ၌ သေဆုံးသွားသည်။

ယင်းဖြစ်စဉ်တွင်နာမည်ကြီးမင်းသားကာမဲလ်ဘောကာနှင့် မော်တော်ဘုတ်မောင်းနှင်သူတစ်ဦးတို့ အနည်းငယ်ဒဏ်ရာရရှိခဲ့သည်။ ယင်းရုပ်မြင်သံကြားဇာတ်လမ်းတွင် မိုဟာမက်နိုးက မှောင်ခိုတစ်ဦးအဖြစ် သရုပ်ဆောင်ခဲ့သည်။ ***အင်တာနက်။***

ယူအေအီးပါလီမန်၌ အမျိုးသမီးများပါဝင်ခွင့်ရ

ဒူဘိုင်း ဇန်နဝါရီ ၆

အာရပ်စော်ဘွားများပြည်ထောင်စု ယူအေအီး ပါလီမန်တွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်နိုင်မှုအရ အာရပ်ကမ္ဘာနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွင်း စံနမူနာပြသနိုင်ကြောင်း ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (ယူအင်န်ဒီပီ)၏ ၂၀၀၇-၂၀၀၈ ခုနှစ် လူသားဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပါလီမန်တွင်အမျိုးသမီးများကိုယ်စားပြုနိုင်မှုအရ အာရပ်နိုင်ငံများအနက် ယူအေအီးနိုင်ငံသည် ထိပ်ဆုံးတွင် ရပ်တည်နေကြောင်း အဆိုပါအစီရင်ခံစာ၌ ရေးသားထားသည်။ ယူအေအီးနိုင်ငံသည် အမျိုးသမီးများအား ပါလီမန်၌ ပါဝင်လှုပ်ရှားခွင့်ပေးခြင်းမှာ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ကနေဒါ၊ ဂရိ၊ အိုင်ယာလန်သမ္မတနိုင်ငံ၊ ဂျပန်နှင့် ပိုလန်နိုင်ငံတို့ထက်ပင်သာလွန်ကြောင်း၊ ယူအေအီး ဖက်ဒရယ်အမျိုးသားကောင်စီ(ပါလီမန်)တွင် ပါဝင်သည့် အမျိုးသမီးအင်အားမှာ ပါလီမန်အမတ်ဦးရေ၏ ၁၂ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ***အင်တာနက်။***

စစ်သွေးကြွခြောက်ဦးကို အစ္စရေးတပ်ဖွဲ့ပစ်သတ်

ဂါဇာ ဇန်နဝါရီ ၆

အစ္စရေးစစ်ဘက်သည် ဂါဇာကမ်းမြောင်တွင် ဗုဒ္ဓဟူးနေ့က စီးနင်းရှာဖွေမှုများ ပြုလုပ်စဉ်အတွင်းပါလက်စတိုင်းသေနတ်သမားခြောက်ဦးကို သတ်ဖြတ်ခဲ့ပြီး ဟားမတ်စ်အုပ်ချုပ်နေသည့်နယ်မြေရှိစစ်သွေးကြွများကို ဆက်လက်နှိမ်နင်းလျက်ရှိကြောင်း ဇန်နဝါရီ ၆ ရက် ရိုက်တာသတင်းတွင် ဖော်ပြသည်။

စစ်သွေးကြွလေးဦးက ဟားမတ်စ်အဖွဲ့နှင့် ဆက်စပ်မှုရှိပြီး နှစ်ဦးမှာမူ ပေါ်ပြူလာ တော်လှန်ရေးကော်မတီအမည်ရှိ စစ်သွေးကြွအုပ်စုတစ်ခုမှ ဖြစ်ကြောင်းဆေးဝန်ထမ်းများနှင့်ဟားမတ်စ်အဖွဲ့ကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် အဓိကရုဏ်းဖြစ်ပွားစဉ် ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးဖြင့် ပစ်ခတ်သဖြင့် ပြေးလွှားရှောင်ရှားနေကြသော သတင်းသမားများကို ဇန်နဝါရီ ၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နီပေါလေဆိပ် စီမံခန့်ခွဲရေး ပုဂ္ဂလိကကုမ္ပဏီ တာဝန်ယူမည်

ခတ္တမန္ဒူ ဇန်နဝါရီ ၆

နီပေါနိုင်ငံတကာလေဆိပ်၏ စီမံခန့်ခွဲရေးကို ပုဂ္ဂလိကကုမ္ပဏီတစ်ခုက တာဝန်ယူမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ရမ်ရှာရန်မာဟက်က ဇန်နဝါရီ ၄ရက်တွင်ပြောကြားသည်။ ထရီဘူဗန်နိုင်ငံတကာလေဆိပ်၏ စီမံခန့်ခွဲရေးလုပ်ငန်းကို ပုဂ္ဂလိကကဏ္ဍသို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ လေဆိပ်၏ ဝန်ဆောင်မှုလုပ်ငန်းများ များပြားလာနေချိန်တွင်ထိထိရောက်ရောက်စီမံခန့်ခွဲနိုင်ရန်ဖြစ်ကြောင်း ဒေါက်တာမာဟက်က သတင်းထောက်များအားပြောကြားသည်။

နီပေါနိုင်ငံပိုင် လေကြောင်းဌာနကိုလည်း ပုဂ္ဂလိကလက်သို့ လွှဲပြောင်းပေးခြင်းဖြင့် ယင်းလေကြောင်းဌာန၏ လုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ်၊ ၂/၂၀၀၈
၁၃၆၉ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ ရက်
(၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်– နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင် တံဆိပ်များကို အပ်နှင်းလိုက်သည်–

(ယမန်နေ့မှအဆက်)

လူမှုထူးချွန်တံဆိပ်(ပထမဆင့်)(အဆက်)

၅၀။ ဦးစိုးဝင်း၊ ဈေးရောင်း၊ အမှတ်(၁၀၀)၊ မယ်ဇီကုန်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း
၅၁။ ဦးလှမြင့်၊ ဈေးရောင်း၊ အမှတ်(၁၁)၊ ၁၅၉ လမ်း၊ တာမွေကြီး(က–ဂ) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း
၅၂။ ဦးဌေးလွင်၊ K Construction Group Co.,Ltd ၊ အမှတ်(၉/၁၁၇) မာဃလမ်း၊ င/ကရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း
၅၃။ ဦးမြဝင်း၊ လွှပြင်၊ အမှတ်(၆)သစ်စက်၊ ဗိုလ်တထောင်၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန
၅၄။ ဦးထွန်းရီ၊ လုပ်သား(၁)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
၅၅။ ဦးစိုးဝင်း(ခ)ဦးတုတ်၊ စိုက်ပျိုးရေးဂိုဒေါင်စောင့်၊ နန်းပန်(အင်းလေး) ဈေးပိုင်းရပ်၊ နယ်လန်ကျေးရွာ၊ ညောင်ရွှေ
၅၆။ ကိုယ်ပိုင်အမှတ်–၃၅၁၇၅၃၊ တပ်ကြပ်ဟန်မြင့်၊ ပူးပေါင်းစစ်ဆင်ရေးနှင့် လေထီးသင်တန်းကျောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန
၅၇။ ဦးစန်းလှိုင်၊ ထုတ်လုပ်ရေးကျွမ်းကျင်(၄)၊ ရန်ကုန်ပုလင်းသွင်းစက်ရုံခွဲ (လုံခြုံရေးဌာန) မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန
၅၈။ ဦးမောင်မောင်အေး၊ ထုတ်လုပ်ရေးကျွမ်းကျင်(၄)၊ ပလိပ်ချည်မျှင် အထည်နှင့် အချောကိုင်စက်ရုံ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန
၅၉။ ကိုယ်ပိုင်အမှတ် ၂၂၄၆၅၊ အုပ်ခွဲတပ်ကြပ်ကြီး/၁၁ သီဟ၊ အမှတ်(၃၆) စစ်ရေယာဉ်စု၊ တပ်မတော် (ရေ)၊ ကာကွယ်ရေးဝန်ကြီးဌာန
၆၀။ ကိုယ်ပိုင်အမှတ် ၁၉၆၁၈၊ အရာခံဗိုလ်/၇၁ ဝင်းစိန်၊ ကာကွယ်ရေးဦးစီး ချုပ်ရုံး(ရေ)၊ တာဝန်ဌာနစု (တာဝန်–၂)၊ ကာကွယ်ရေးဝန်ကြီးဌာန
၆၁။ ဦးနိုင်တင်ယု၊ ယာဉ်မောင်း၊ အမှတ်(၁၅၂/က)၊ သီရိမြိုင်(၁၀)လမ်း၊ အမှတ်(၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း
၆၂။ ဦးလှအေး၊ ဈေးရောင်း၊ အမှတ် ၅၂၇၊ မင်းလမ်း၊ လိပ်ပြာကန်ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း
၆၃။ ဦးကျော်ဆွေဝင်း၊ အဆောက်အအုံဆေးသုတ်လုပ်ငန်း၊ အမှတ်(၈၉)၊ ၂၆– ၂၇ လမ်းကြား၊ ၇၄ လမ်း၊ အကွက်(၇၂၆)၊ မန္တလေးမြို့
၆၄။ ဦးခင်ထွန်း၊ အရောင်းအဝယ်၊ ကမ်ဘဲကျေးရွာ၊ မြစ်ငယ်မြို့၊ အမရပူရ မြို့နယ်၊ မန္တလေးတိုင်း
၆၅။ ဦးအောင်ခင်၊ အရောင်းအဝယ်၊ (၁)ရပ်ကွက်၊ တတ–၂၄၊ ရတနာပုံမြို့သစ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း
၆၆။ ဦးမြသောင်း၊ ဈေးရောင်း၊ အကွက်(၆၁၀)၊ဟေမာဇလရပ်၊ ချမ်းအေး သာစံမြို့နယ်၊ မန္တလေးတိုင်း
၆၇။ ဦးရဲဝင်း၊ အရောင်းအဝယ်၊ အကွက်(၆၁)၊ ပြည်လုံးချမ်းသာရပ်၊ အောင်မြေ သာစံမြို့နယ်၊ မန္တလေးတိုင်း
၆၈။ ဦးတင်အောင်၊ အရောင်းအဝယ်၊ ယာဉ်တော်စံကျေးရွာ၊ မြစ်ငယ်မြို့၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း
၆၉။ ဦးညွန့်မောင်၊ အရောင်းအဝယ်၊ အမှတ်(၅)ရပ်ကွက်၊ ဇရပ်ကွင်းကျေးရွာ၊ အုံးဖုံးအုပ်စု၊ သပိတ်ကျင်းမြို့နယ်၊ မန္တလေးတိုင်း
၇၀။ ဦးမိုးအေး၊ ရွှေပန်းထိမ်၊ အကွက်နံပါတ်(၂၆၁)၊ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း
၇၁။ ဦးစိုးနိုင်၊ ရွှေပန်းထိမ်၊ အကွက်(၂၀)၊ ဥပုသ်တော်ရပ်၊ အောင်မြေ သာစံမြို့နယ်၊ မန္တလေးတိုင်း
၇၂။ ဒေါ်အေးအေး၊ ဈေးရောင်း၊ အမှတ်(၁၂၈)၊ မြသီတာလမ်း၊ စက်သစ်ရပ်၊ မြို့မ(၁)၊ မုဒုံမြို့၊ မွန်ပြည်နယ်
၇၃။ ဦးညွန့်လှိုင်၊ အရောင်းအဝယ်၊ အကွက်(၂၈၇)၊ ပျော်ဘွယ်အနောက် (၃၄)လမ်း၊ ၈၇–၈၈ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း
၇၄။ ဦးယုတင်၊ ပွဲရုံစာရေး၊အကွက်အမှတ်(၀/၈)၊ ဦးပိုင်အမှတ်(၃၀)၊ (၆၈) လမ်းနှင့် ဝေဿလီလမ်းထောင့်၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း
၇၅။ ဦးစန်းမြင့်၊ တပ်ကြပ်ကြီး(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ထမ်းအိမ်ရာ၊ နယ်မြေ(၇)၊ ကလေးဆေးရုံရှေ့လမ်း၊ သစ်တောရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
၇၆။ ဦးလှမြင့်၊ ဈေးသည်၊ အကွက်(၅၁)၊ အိုးဘို/ရွှေကျင်ရပ်၊ အောင်မြေ သာစံမြို့နယ်၊ မန္တလေးတိုင်း
၇၇။ ဦးသန်းဦး၊ ဈေးရောင်း၊ ၃၁၃၀–၁၅/၂၀(ခ)၊ ၅၈ x၅၉ လမ်းကြား၊ မင်းကြီးရန်နောင်လမ်း၊ ဆင်ပန်းကုန်သည်ရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း
၇၈။ ဦးအောင်နိုင်၊ အရောင်းအဝယ်၊ အကွက်(၂၆၈)၊ပျော်ဘွယ်အနောက်၊(၈၈) လမ်း၊ ၃၂–၃၃ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း
၇၉။ ဦးဝင်းသိန်း၊ ကုန်သည်၊ တိုက်(၅)၊ အခန်း(၄)၊ အရှေ့ပြင်ဝန်ထမ်းအိမ်ရာ စခန်း၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း
၈၀။ ဦးဆယ်အောင်၊ ဈေးရောင်း၊ ချမ်းမြသာယာရပ်၊ လ–၀/၂၄၊ ပြည်ကြီး တံခွန်မြို့နယ်၊ မန္တလေးတိုင်း
၈၁။ ဦးမောင်စိန်၊ အနေးယာဉ်လုပ်သား၊ ချမ်းမြကန်သာရပ်၊ မြို့မ(၄)၊ မုဒုံမြို့၊ မွန်ပြည်နယ်
၈၂။ ဦးထွန်းထွန်း၊ ဌာနစိတ်မှူး၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့်၊ပဋ္ဌနဂိုရ်၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန
၈၃။ ဦးမြင့်သိန်း၊(တပ်မတော်အငြိမ်းစား)လုံခြုံရေး၊ Hi-TECH စက်ရုံ၊ ၆၂လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း
၈၄။ ဦးကက်နက်ထွန်းမောင်၊ အရောင်းအဝယ်၊ အကွက်(၉၄)၊ မင်းတဲအီကင်း ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း
၈၅။ ဦးဝင်းနိုင်၊ ကယ်ဘရိတ်၊ မဟာမြိုင်(၁)၊အပိုင်း(၅)(က)၊ မဟာအောင်မြေ မြို့နယ်၊ မန္တလေးတိုင်း
၈၆။ ဦးတင်မောင်ဝင်း၊ ဈေးရောင်း၊ အကွက်(၃၉၇)၊ သံလျက်မော်အနောက် ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း
၈၇။ ဦးကိုကြီး၊ သံဂဟေလုပ်ငန်း၊ အကွက်(၂၆၄)၊ပြည်ကြီးပျော်ဘွယ်အနောက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း
၈၈။ အရှင်ပဏ္ဍိတ၊ သင်ကြားစီမံ/ကထိက(သံဃာတော်)၊ ပထမမွန်တန်း ကျောင်း၊ မိုးတားတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း
၈၉။ ဦးရင်အောင်၊ အရောင်းအဝယ်၊ အကွက်(၂၈၇) ပျော်ဘွယ်အနောက်၊ ၃၄လမ်း၊ ၈၇–၈၈ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း
၉၀။ ဦးပဏ္ဍိစ္စ၊ မဟာဝိဇလမင်္ဂလာရာမကျောင်းတိုက်၊ ၁၈လမ်း၊ ၈၇x၈၈ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း
၉၁။ ဦးခင်ဝင်း၊ ကျပန်း၊ မ(၃၉)အင်ကြင်းမြိုင်လမ်း၊ ဘုရားလေးဆူရပ်၊ မြို့မ(၃)၊ မုဒုံမြို့၊ မွန်ပြည်နယ်
၉၂။ ဦးစံသိန်း၊ အရောင်းအဝယ်၊ သရပ်ချောင်းရပ်ကွက်၊ ပလိပ်မြို့၊ စဉ့်ကိုင် မြို့နယ်၊ မန္တလေးတိုင်း
၉၃။ ဦးမျိုးလွင်၊ ပရိဘောဂ၊ အမှတ်(၃၈၅)၊ ဗိုလ်ချုပ်လမ်း၊ သိမ်ကျောင်းရပ် မြို့မ(၃)၊ မုဒုံမြို့၊ မွန်ပြည်နယ်
၉၄။ ဦးဝင်းမြင့်၊ အရောင်းအဝယ်၊ အမှတ်(၆၄၁)၊ ကဋ္ဌဏမဟီရပ်၊ ချမ်းအေး သာစံမြို့နယ်၊ မန္တလေးတိုင်း
၉၅။ ဦးလှဝင်း၊ အမှတ်(၃)တက္ကသိုလ်လေ့ကျင့်ရေးတပ်၊ ဈေးကြိုရပ်ကွက်၊ တောင်ဝိုင်း၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၉၆။ ဦးကျင်မောင်၊ ခရိုင်စာရင်းစစ်ရုံး(အငြိမ်းစား)၊ အမှတ်(၁၅၇)၊ ၅/က၊ အမှတ်(၈)ရပ်ကွက်၊ အေးသုခလမ်း၊ အေးသာယာမြို့သစ်၊ တောင်ကြီး မြို့နယ်၊ ရှမ်းပြည်နယ်
၉၇။ ဦးလှငွေ၊ အရောင်းအဝယ်၊ မြောက်မြေရပ်ကွက်၊ ပလိပ်မြို့၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်း
၉၈။ ဦးအောင်အောင်(ခ)ဦးအောင်သောင်းလှိုင်၊ ဓာတ်ပုံလုပ်ငန်း၊ နန်းရှေ့ ဈေးကြီး မြောက်ဘက်၊ အကွက်အမှတ်(၅)၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေ သာစံမြို့နယ်၊ မန္တလေးတိုင်း
၉၉။ ဦးကျော်ရင်၊ အနေးယာဉ်လုပ်သား၊ အမှတ်(၁၇)၊ သုမာလာလမ်း၊ ဒီဇယ်ရပ်၊ မြို့မ(၁)၊ မုဒုံမြို့၊ မွန်ပြည်နယ်
၁၀၀။ ဒေါ်စန်းစန်းရွှေ၊ ဈေးရောင်း၊ မြသီတာလမ်း၊ ပိန္နဲတိုက်ရပ်၊ မြို့မ(၃)၊ မုဒုံမြို့၊ မွန်ပြည်နယ်
၁၀၁။ ဦးဗိုလ်သဲစံ၊ အလယ်တန်းပြ၊ လက်ကောင်းအလကခွဲ၊ ပုသိမ်ကြီးမြို့နယ်၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန
၁၀၂။ က ၁၂၉၀၀ တပ်ကြပ်လှထွေး၊ အကျဉ်းဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

လူမှုထူးချွန်တံဆိပ်(ဒုတိယဆင့်)

၁။ ဦးစိုးမိုး(ပန်းချီစိုးမိုး)၊ ရိုက်ကူးရေးနှင့် ထုတ်လုပ်ရေးအကြံပေးအရာရှိ၊ တပ်မတော်ရုပ်မြင်သံကြားထုတ်လုပ်ရေးတပ်၊ ကာကွယ်ရေးဝန်ကြီးဌာန
၂။ ဦးငြိမ်းမင်း(ခ)ဦးမျိုးအောင်၊ ဓာတ်ညွှန်းအကြံပေးအရာရှိ၊ တပ်မတော် ရုပ်မြင်သံကြားထုတ်လုပ်ရေးတပ်၊ ကာကွယ်ရေးဝန်ကြီးဌာန
၃။ ဒေါ်မိမိမော်၊ အသင်းအတွင်းရေးမှူး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန
၄။ မမေခင်ယမင်း၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန
၅။ မစန်းစန်းမော်၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန
၆။ မစန်းစန်းသိန်း၊ ကစားသမား၊မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန
၇။ မမိုးမိုးဝါ၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန
၈။ မအေးနန္ဒာလှိုင်၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန
၉။ မသန်းသန်းထွေး၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန
၁၀။ မဇင်မာဝမ်း၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန
၁၁။ မစန်းယုနိုင်၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန
၁၂။ ဦးသန်းညွှန့်၊ ကုန်သည်၊ ဘုရားကြီးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း
၁၃။ ဦးစိုးအောင်၊ ရပ်ကွက်(၁၁)၊ ဖားအောက်ကျေးရွာ၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၁၄။ သီရိသုဓမ္မမဏိဇောတဓရ ဦးကိုကိုအေး၊ အုပ်ချုပ်မှုဒါရိုက်တာ၊ အမျိုးသား ဂေါက်သီးလေ့ကျင့်ရေး(မြန်မာ)လီမိတက်၊ ရန်ကုန်တိုင်း
၁၅။ ဦးကြိုင်၊ ဆီစက်လုပ်ငန်း၊ ကျွဲဒုံးကျေးရွာအုပ်စု၊ မအူပင်မြို့နယ်၊ ဧရာဝတီ တိုင်း
၁၆။ ဒေါ်မာလာကျော်မြင့်၊ ပန်းဘဲတန်းကျန်းမာရေးသမဝါယမ၊ အမှတ်(၁၄)၊ ခွာညို (၆)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း
၁၇။ ဦးကျော်ရင်၊ လက်သမား၊ အမှတ်(၄၉၂) မာလာရုံလမ်းသွယ်၊ အောင်ဓမ္မ ရိပ်သာ၊ အမှတ်(၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း၊
၁၈။ ဦးစိုးနိုင်၊ ယာဉ်မောင်း၊ လိုင်း(၁၈)၊ မြို့ပတ်(၈)လမ်း၊ မြို့မ(၁)ရပ်ကွက်၊ ဒလမြို့၊ ရန်ကုန်တိုင်း
၁၉။ ဦးကျော်မြင့်၊ လုပ်သား၊ မြန်မာ့မီးရထား၊မြို့ပြအင်ဂျင်နီယာဌာန၊ ရထား ပို့ဆောင်ရေးဝန်ကြီးဌာန
၂၀။ ဦးသုဇာတ၊ ကျောင်းထိုင်၊ သာသနမာမကကျောင်း၊ အနောက်ခမတ် ကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း
၂၁။ ဦးအောင်လေး၊ ကုန်သည်၊ အမှတ်(၁၂/၅၇၂)၊ မာဃ(၈)လမ်း၊ တောင် ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း
၂၂။ ဦးဝင်းထွဋ်၊ အရောင်းအဝယ်၊ အမှတ်(၁၄/၁၆)ခေါင်ရမ်းလမ်း၊ (၈) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း
၂၃။ ဦးစောလွင်၊ လက်ထောက်ကထိက(မြန်မာစာဌာန)၊ မန္တလေးအဝေးသင် တက္ကသိုလ်၊ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)၊ ပညာရေး ဝန်ကြီးဌာန
၂၄။ အရှင်သာဂရ၊ သာသနာ့ဝန်ထမ်း၊ ရတနာသိင်္ဂီကျောင်းဆောင်၊ ဇေယျဝတီ ကျောင်းတိုက်၊ ဘူတာရုံလမ်း၊ အမှတ်(၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန် တိုင်း
၂၅။ ဦးစိန်ကန့်၊ မွေးမြူရေး၊ အမှတ်(၅၆၁)၊ နတ်သျှင်နောင်လမ်း၊ စက်ဆန်း ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း
၂၆။ ဦးဝင်းထွန်း၊ စက်မှုကျွမ်းကျင်(၃)၊ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(ဘုရင့် နောင်)၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန
၂၇။ ဦးခင်မောင်ဝင်း၊ အလုပ်ရုံစုမှူး(စီမံရေး)၊ ချည်မျှင်နှင့်အထည်စက်ရုံ (ပခုက္ကူ)၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန
၂၈။ ဦးသိန်းဟန်၊ လက်နှိပ်စက်စာရေး၊ သာစည်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန
၂၉။ ဒေါ်ခင်စန်းဝင်း၊ အရောင်းအဝယ်၊ အမှတ်(၃၁)၊ ကျောင်းကုန်း(၁)လမ်း၊ အမှတ်(၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း
၃၀။ ဦးဝင်းမြင့်၊ အရောင်းအဝယ်၊ (၂၁)ရပ်ကွက်၊ ပုဂံလမ်း၊ အောင်မင်္ဂလာ ဘုန်းကြီးကျောင်း၊ ရွှေပေါက်ကံမြို့သစ်၊ ရန်ကုန်တိုင်း
၃၁။ ဦးသန်းဝင်း၊ အရောင်းအဝယ်၊ အမှတ်(၁၁၅၉)၊ နဝရတ်(၅)လမ်း၊ (၂၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း
၃၂။ ဦးအေးကြူ၊ စစ်မှုထမ်း(အငြိမ်းစား)၊ အမှတ်(၈/၄၈)၊ အမှတ်(၁)စစ်မှု ထမ်းဟောင်းစံပြရွာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း
၃၃။ ဦးကြည်သောင်း၊ ကုန်သည်၊အမှတ်(၁၁၆)၊ အင်းစိန်လမ်း၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း
၃၄။ ဦးသိန်းဝင်း၊ ကြက်ခြေနီတပ်ခွဲမှူး၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ သုံးခွမြို့၊ ရန်ကုန်တိုင်း
၃၅။ ဦးသက်နိုင်ဦး၊ ပို့ဆောင်ရေးဝန်ထမ်းဟောင်း၊ မြန်မာ့မီးရထား၊ တိုက် အမှတ်(၅၃)၊ အခန်း(၃)၊ အထက်ပန်းဆိုးတန်းလမ်း၊ ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း
၃၆။ ဦးချစ်ကို၊ အဆောက်အအုံလုပ်ငန်း၊ (၄၄) မင်းရဲကျော်စွာ(၆)လမ်း (၇၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း
၃၇။ ဦးကံသိန်း၊ K.S.T Travel & Tour Co.,Ltd၊ အမှတ်(၆၅၁) အေးရိပ်သာ(၂)လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း
၃၈။ ဦးစံသွင်၊ လယ်လုပ်၊ မုသင်ကျေးရွာအရှေ့ပိုင်း၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်
၃၉။ ကိုယ်ပိုင်အမှတ်–၂၀၆၃၇၊ တပ်ကြပ်ကြီး/၉၂ ကျော်ကျော်၊ ရေတပ် စစ်တီးဝိုင်းတပ်၊ တပ်မတော်(ရေ)၊ ကာကွယ်ရေးဝန်ကြီးဌာန
၄၀။ ဦးမြင့်သိန်း၊ လက်ထောက်မန်နေဂျာ၊ ဘတ်ဂျက်ဌာန၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
၄၁။ ဦးကျော်ဝင်း၊ ဒုကြီးကြပ်ရေးမှူး၊ ကုန်ထုတ်ရောင်းချဖြန့်ဖြူးရေးဌာန၊ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန
၄၂။ ဦးကျော်ကျော်အောင်၊ ပုံနှိပ်ကျွမ်းကျင်–၃(စာစီ)၊ စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန
၄၃။ ဦးစိုးအောင်၊ ကျွမ်းကျင်–၅ (စက်မှု)၊ စက်ခေါင်းပြင်စက်ရုံ(ရန်ကုန်)၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန
၄၄။ ဦးလွင်ဦး၊ သစ်စက်(၃)၊ အမှတ်(၄)သစ်စက်၊ အလုံ၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန
၄၅။ ဦးလှတင်၊ ဈေးရောင်း၊ အမှတ် (၁၂၈၈)၊ အောင်သုခ (၂၆)လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း
၄၆။ ဦးစိုးမြင့်၊ စစ်မှုထမ်း(ငြိမ်း)၊ အမှတ်(၈၀)၊ ထောက်ကြန့်တိုးချဲ့(၃)ရပ်ကွက်၊ (၃)လမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း
၄၇။ ဦးထင်ကျော်၊ ဈေးရောင်း၊ အမှတ်(၁၃၉၃)၊ လှိုင်ကော်လမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း
၄၈။ ဦးသိန်းဝင်း၊ ကုန်သည်၊ အမှတ်(၉၇)၊ ကံ့ကော်မြိုင်လမ်း၊ ပါရမီရိပ်သာ၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း
၄၉။ ဦးကျော်လင်း၊ လက်ထောက်ကြီးကြပ်ရေးမှူး၊ စက်ရုံနှင့်မော်တော်ယာဉ် ဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
၅၀။ ဦးသန့်ဇင်၊ ဒုဦးစီးမှူး(ဝန်ကြီးရုံး)၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
၅၁။ လ–၁၄၇၆၇၄ ရဲအုပ်သန်းသန်းအေး၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန
၅၂။ ဦးညွှန့်အောင်၊ လူနာခန်းလက်ထောက်၊ အထွေထွေရောဂါကုဆေးရုံကြီး၊ မော်လမြိုင်မြို့၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန
၅၃။ ဦးမောင်အေး၊ လူနာခန်းလက်ထောက်၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန
၅၄။ ဦးညိုဝင်း၊လုံခြုံရေး၊ ဒေသန္တရဆေးပေးခန်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန
၅၅။ ဦးဇော်လွင်၊ ရတနာလုပ်ငန်း၊ အမှတ်(၁၆/၁၈၉)၊ အမှတ်(၁၆)ရပ်ကွက်၊ ကုန်သည်ကြီးလမ်း၊ တောင်ငူမြို့၊ ပဲခူးတိုင်း

(ဆက်လက်ဖော်ပြပါမည်)

အက်ဖ်အေဖလား တတိယအကျော့ပွဲစဉ် အာဆင်နယ်အနိုင်ရ၊ နယူးကာဆယ်သရေကျ

လန်ဒန် ဇန်နဝါရီ ၇

အင်္ဂလိပ်အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ တတိယအကျော့ပွဲကို ဇန်နဝါရီ ၆ရက်က ဆက်လက်ကျင်းပသည်။

အင်္ဂလန် ဘန်လေမြို့ရှိ တာဖ့်မူးကွင်း၌ အာဆင်နယ်အသင်းနှင့် ချန်ပီယံရှစ် (ဒုတိယတန်း) ဘောလုံးပြိုင်ပွဲဝင် ဘန်လေအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် အာဆင်နယ်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ အာဆင်နယ်အသင်းသည် စတုတ္ထအကျော့ပွဲသို့ ဆက်လက်တက်လှမ်းနိုင်သည်။

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ဦးဆောင်အသင်းဖြစ်သည့် အာဆင်နယ်အသင်းတွင် အနိုင်ဂိုးများကိုပွဲချိန် ၉မိနစ်တွင် အပ်ဒွပ်ဒို ဒါဆေးလ်ဗားက လည်းကောင်း၊ ပွဲချိန် ၇၅မိနစ်တွင် နစ်ကလက်စ် ဘန်တနာက လည်းကောင်း သွင်းယူခဲ့ကြသည်။

လူတန်တောင်းအသင်းနှင့် ယှဉ်ပြိုင်ကစားသည့် လီဗာပူးအသင်းမှာ ယုံကြည်မှု နည်းပါးနေပုံရသည်။ ပထမပိုင်းတွင် မည်သည့်အသင်းမျှ ဂိုးမရရှိခဲ့ကြဘဲ ပွဲချိန် ၇၄မိနစ်ရောက်မှ ပီတာခရပ်ချ်က လီဗာပူးအတွက် အဖွင့်ဂိုး သွင်းယူနိုင်သည်။

လူတန်တောင်း အသင်းအတွက် ချေပဂိုးမှာ လီဗာပူးအသင်းမှ ဂျွန်အန်းရိုက်စ်က ပွဲချိန် ၇၇မိနစ်တွင် ကိုယ့်ဂိုးကိုယ်သွင်းမိရာမှ ရရှိခြင်းဖြစ်သည်။

နယူးကာဆယ်သရေကျ

နယူးကာဆယ် ယူနိုက်တက်အသင်းနှင့် စတုတ်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဂိုးမရှိသရေကျခဲ့ကြသည်။ ယခုပွဲတွင် နယူးကာဆယ် အသင်း စွမ်းဆောင်မှု နည်းပါးနေခဲ့သည်။

နယူးကာဆယ် အသင်းတွင် မိုက်ကယ်အိုဝင် ပြန်လည် ကစားပြီဖြစ်သော်လည်း အထူးတလည် တိုက်စစ်ဆင်ကစားနိုင်ခြင်းမရှိပေ။

ရွှေမှန် အင်တာနက်အားကစားသတင်း

ဖူလ်ဟမ်သရေကျ

ဖူလ်ဟမ်အသင်းနှင့် ဘရစ္စတိုလ်ရိုဗာအသင်းတို့ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ပွဲချိန် ၃မိနစ်တွင် ဘရစ္စတိုလ်ရိုဗာအသင်းက ကိုးလ်၏ ဂိုးနှင့်အတူ ဦးဆောင်ကစားနိုင်ခဲ့ပြီး ပွဲချိန် မိနစ်၄၀ ရောက်မှ ဖူလ်ဟမ်အသင်းမှ ဟီလီက ချေပဂိုးသွင်းယူနိုင်သည်။ ပွဲချိန် ၆၅မိနစ်တွင် ဘရစ္စတိုလ်ရိုဗာအသင်းမှ ဟီလ်တန်က ဂိုးသွင်းခဲ့ပြီး ဖူလ်ဟမ်အသင်း၏ ဒုတိယမြောက်ချေပဂိုးကို ပွဲချိန် ၇၃မိနစ်တွင် မာဖီက သွင်းယူခဲ့သည်။

ဒါဘီကောင်တီသရေကျ

ဒါဘီကောင်တီနှင့် ရှက်ဖီးဝက်နက်စ်ဒေးတို့၏ပွဲတွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

အင်တာနက်။

ဂိုးသွင်းယူ

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲတွင် အာဆင်နယ်အသင်းမှ နစ်ကလက်စ်ဘန်တနာက ဘန်လေအသင်းဘက်သို့ ဂိုးသွင်းယူစဉ်။
(ဓာတ်ပုံ–အင်တာနက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈–၁–၂၀၀၈ (အင်္ဂါနေ့)

AM & PM	
၇း၀၀–၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	“မမြင်ရသောကြိုး”တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၈း၀၀–၂း၀၀	ကြည်ညိုပူဇော် ဗုဒ္ဓပူဇနိယပွဲတော်(တွံတေးရွှေဆံတော်)
၈း၂၅–၂း၂၅	တေးဂီတအစီအစဉ်
၈း၃၀–၂း၃၀	Sunday Talk
၉း၂၅–၃း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅–၃း၃၅	ကရင်ရိုးရာဝတ်စားဆင်ယင်မှု
၉း၄၀–၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅–၃း၄၅	Biz Net
၁၀း၀၀–၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀–၄း၁၀	သစ်သီးပင်မျိုးပွားနည်းများ
၁၀း၂၀–၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅–၄–၂၅	မင်းမသိသေးပါဘူးကွာ (ကြူကြူသင်း၊ ငှက်ပျောကြော်၊ ရော၊ အေးအေးခိုင်)
၁၀း၃၅–၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀–၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀–၄း၅၀	တောင်ကလေးတွင်ကမ္ဘည်းတင်
၁၁း၂၅–၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀–၅း၃၀	Shopping Guide (အမရာဒေဝီ)
၁၁း၅၅–၅း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀–၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅–၆း၀၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ “ရန်နိုင် (၂၄)”
၁၂း၃၅–၆း၃၅	Music Gallery (ဆာလာအိတ်)
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတကာရေးရာသတင်းများ

သမ္မတဘုရှ်၏ အရှေ့အလယ်ပိုင်းခရီးစဉ်ကို ဟားမတ်စ်တို့က ဝေဖန်ပြစ်တင်

ဂါဇာ ဇန်နဝါရီ ၇

အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ် မကြာမီကာလအတွင်း အရှေ့အလယ်ပိုင်းဒေသသို့ လာရောက် လည်ပတ်မည့်အစီအစဉ်သည် ဓာတ်ပုံအရိုက်ခံကာကိုယ်ရောင်ပြမည့် အစီအစဉ်မျိုးသာဖြစ်သည်။ အရှေ့အလယ်ပိုင်းဒေသက ၎င်းအား ကြိုဆိုသည့်သဘောမျိုးမပါသောအစီအစဉ်သာဖြစ်သည်ဟု ပါလက်စတိုင်းဟားမတ်စ်အုပ်စုက ဇန်နဝါရီ ၅ရက်တွင် ဝေဖန်ရှုတ်ချခဲ့သည်။

ဟားမတ်စ်အုပ်စုသည် ဇွန်လအတွင်းက ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်လက်မှ ဂါဇာကမ်းမြောင်ဒေသကို သိမ်းယူခဲ့သည်။ အာဘတ်စ်ကအစ္စရေးတို့နှင့် ငြိမ်းချမ်းရေးယူရန် ကြိုးပမ်းသည်ကိုဟားမတ်စ်များက ဆန့်ကျင်ကြသည်။ ဘုရှ်ခရီးစဉ်သည် ဂျူးနိုင်ငံကိုထောက်ခံရန် လာသောအစီအစဉ်သာဖြစ်ပြီး ဂျူးတို့က ပါလက်စတိုင်းနယ်မြေများ သိမ်းပိုက်ထားသည်ကို ထောက်ခံကြောင်းပြသည့် အစီအစဉ်သာဖြစ်သည်ဟု ဟားမတ်စ်များက ပြစ်တင်သည်။

ဘုရှ်၏အရှေ့အလယ်ပိုင်းခရီးစဉ်သည် မကြိုဆိုသင့်သော ခရီးစဉ်မျိုးဖြစ်သည်။ ထိုအစီအစဉ်သည် ကျူးကျော်သူကို နိုင်ငံရေးအရနှင့် စိတ်ဓာတ်ရေးရာအရ အားပေးသော အစီအစဉ် မျိုးသာဖြစ်သည်ဟု ဟားမတ်စ်အရာရှိ ဆာမီအဘူ ဇူဟရီကပြောကြားသည်။ အမှန်စင်စစ်ထိုခရီးစဉ်မှာ ဘုရှ် အိမ်ဖြူတော်မှ မထွက်ခွာမီ နောက်ဆုံးလာရောက် နှုတ်ဆက်သော ခရီးမျှသာဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်၏အရှေ့အလယ်ပိုင်းမူဝါဒများ မအောင်မမြင်ဖြစ်နေဟု အီရန်ပြောကြား

တီဟီရန် ဇန်နဝါရီ ၇

အီရန်နိုင်ငံ၏ရန်လိုသော ရည်မှန်းချက်ထားရှိသည့် ကိစ္စနှင့်စပ်လျဉ်း၍ အရှေ့အလယ်ပိုင်း မဟာမိတ်နိုင်ငံနှင့် တွေ့ဆုံရာတွင် အမေရိကန်ကဖိအားပေးသွားမည်ဆိုသော စကားများကို သမ္မတဂျော့ဂျ်ဒဗလျူဘုရှ်က ပြောကြားခဲ့သည်။ ထိုသို့ပြောဆိုမှုသည် အမေရိကန်နိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်းကိစ္စများတွင် ဝင်ရောက်စွက်ဖက်နေခြင်းသာဖြစ်သည်ဟု အီရန်ကစွပ်စွဲလိုက်သည်။

အမေရိကန်၏ အရှေ့အလယ်ပိုင်းဆိုင်ရာမူဝါဒသည် မအောင်မြင်သော ကျဆုံးနေသည့် မူဝါဒသာဖြစ်သည်။ ထိုကျဆုံးမှုကို ဖာထေးရန် အမေရိကန်သမ္မတက အရှေ့အလယ်ပိုင်းဒေသသို့ လာရောက်လည်ပတ်ရန်စီစဉ်ခြင်းဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့် ရှိသူမိုဟာမက်အလီဟိုဆန်နီက ဇန်နဝါရီ ၆ရက်တွင် ပြောကြားသည်။

အမေရိကန်သည် အီရန်နိုင်ငံကို အထီးကျန်ဖြစ်အောင် ကြိုးပမ်းလုပ်ဆောင်သော်လည်း အီရန်သည် အထီးကျန်မဟုတ်သည်ကို တွေ့ရမည်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ အမေရိကန် သမ္မတဘုရှ်သည် မကြာမီအချိန်တွင် အစ္စရေးနှင့်ပါလက်စတိုင်း အနောက်ဘက်ကမ်းဒေသများသို့ သွားရောက်ရန်ရှိသည်။ ထို့အပြင် ယင်း၏ မဟာမိတ်ကူဝိတ်၊ အီဂျစ်၊ ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် ဘာရိန်းနိုင်ငံများသို့လည်း သွားရောက်လည်ပတ်မည် ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

လုပ်ကြံမှုကြောင့် ဘူတိုသေဆုံးရသည့်ကိစ္စ သူမတွင်သာတာဝန်အရှိဆုံးဟု မူရှာရက်ဖ်ပြောကြား

ဝါရှင်တန် ဇန်နဝါရီ ၇

ပါကစ္စတန်နိုင်ငံ၏အတိုက်အခံပါတီခေါင်းဆောင် ဘနာဇီယာဘူတိုသည် သေနတ်သမား ပစ်လိုက်သောကျည်ဆန် မှန်ကောင်းမှန်သွားနိုင်သည်ဟု စီဘီအက်စ်သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပါကစ္စတန်သမ္မတ ပါဗက်စ်မူရှာရက်ဖ်ကပြောကြားသည်။

အမှန်အားဖြင့်ဆိုလျှင် သေနတ်သမားမြင်သာအောင် ကားအတွင်းမှ ထွက်၍ လူယောင်ပြသော အတိုက်အခံခေါင်းဆောင် ဘူတိုအပေါ်တွင်လည်း တာဝန်ရှိသည်ဟု ဇန်နဝါရီ ၅ရက်ကပြုလုပ်သော တွေ့ဆုံမေးမြန်းခန်းတွင် မူရှာရက်ဖ်က ဆက်လက်ပြောကြားသည်။

ဘူတိုအားလုပ်ကြံမှုသည် ပြီးခဲ့သောသီတင်းပတ်က ဖြစ်ပွားခဲ့သည်။ ထိုလုပ်ကြံမှုတွင် တိုက်ခိုက်ရေးသမားများသည် သေနတ်ဖြင့်ပစ်သည့်အပြင် ဗုံးပါခွဲ၍တိုက်ခိုက်ခဲ့သည်။

ပစ်ခတ်မှုနှင့်ပေါက်ကွဲမှုဖြစ်ပွားနေစဉ်အတွင်း ဘူတိုသည် ၎င်းစီးလာသော အမိုးဖွင့်ကား၏ လက်ကိုင်ကိုင်းနှင့် သူမ၏ဦးခေါင်း ရိုက်မိသည့်အတွက် သေဆုံးရခြင်းဖြစ်သည်ဟု ပါကစ္စတန်အစိုးရ၏ ထုတ်ပြန်ချက်တွင်ပါရှိသည်။ ထိုလုပ်ကြံမှုနှင့်ပတ်သက်၍ အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့တွင် တာဝန်ရှိသည်ဟူ၍လည်း အစိုးရအဖွဲ့ကအပြစ်တင်ထားသည်။

အမ်အင်အေ၊ရိုက်တာ။

ထူးဆန်းထွေလာ တိရစ္ဆာန်ကမ္ဘာ

အသေးဆုံးမျောက်

အမေဇုန် အထက်ပိုင်း၊ ပီရူး၊ အီကွေဒေါ၊ ကိုလံဘီယာ၊ ဘိုလီးဗီးယားနှင့် ဘရာဇီးတောများအတွင်း တွေ့ရှိရသည့် ပစ်ဂမီမျောက်တစ်မျိုး **(အောက်ပုံ)**မှာ ကမ္ဘာပေါ်၌ အသေးငယ်ဆုံး မျောက်အမျိုးအစား ဖြစ်သည်။ မွေးစဉ်၌ အလေးချိန် ၁၅ဂရမ် (၀ ဒသမ ၅၃ အောင်စ)သာရှိပြီး ကြီးထွားချိန်တွင် ၁၁၉ဂရမ် (၄ဒသမ ၂အောင်စ)သာရှိသည်။ အမြီးဖျား မှ ခေါင်းအထိ စုစုပေါင်း အလျားမှာ ၁၃၆ မီလီမီတာ (၅ ဒသမ ၃၅ လက်မ)သာရှိသည်။ အကောင်သေးပြီး အရွယ်ငယ်သော်လည်း ခုန်အားမှာ လေထဲသို့ ၁၆ပေ ၅လက်မ အထိရောက်အောင် ခုန်နိုင်သည်ဟုဆိုသည်။

အပုဆုံးကုလားအုတ်

တောင်အမေရိကတွင် တွေ့ရသော ဗီကူနာ (VICUNA) အမည်ရှိ ကုလားအုတ်ပုလေးများ **(အပေါ်ပုံ)**မှာ မြေကြီးမှ ပခုံးအထိ စင်တီမီတာ ၉၀ (၃၅လက်မ)သာမြင့်ပြီး ပျမ်းမျှအလေးချိန်မှာ ကီလို ၅၀ သာ လေးသည်။ ၎င်းကုလားအုတ်ပုလေးများမှာ မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်ရှိနေ၍ ပီရူး၊ ချီလီနှင့် အာဂျင်တီးနားနိုင်ငံတို့၌ ၎င်းတို့ကို ဥပဒေဖြင့်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေသည်။



ကြောက်စရာအကောင်းဆုံးငါး

တောင်အမေရိကတိုက် မြစ်ပြင်ကျယ်အတွင်း ကျက်စားသော ချွန်ထက်မာကျောသည့် သွားများရှိသော ပီရန်းညားငါးမျိုးသည် **(အပေါ်ပုံ)** လူနှင့် တိရစ္ဆာန်များကို အလွတ်မပေးကိုက်တတ်သည့် အသားစားငါးဖြစ်သည်။ မြစ်အတွင်း ဖြတ်ကူးသည့် တိရစ္ဆာန်များ (၎င်းတို့ထက် များစွာကြီးမားသော မြင်းများ အပါအဝင်)ကို မိနစ်ပိုင်းအတွင်း အရိုးသာကျန်အောင် ကိုက်ဖြတ်စားသောက်တတ်၍ အရက်စက်ဆုံးနှင့် အကြမ်းကြုတ်ဆုံးအသားစားငါးအဖြစ် သတ်မှတ်ထားကြသည်။

အကောင်းဆုံး သင်တန်းသားဆု

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၅)မှ အကောင်းဆုံး သင်တန်းသားဆုရရှိသူ သင်တန်းသား ညီညီအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

လေ့ကျင့်ရေး ထူးချွန်ဆု

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ် (၅)မှ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ သင်တန်းသားဝေဖြိုးအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စာပေထူးချွန်ဆု

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၅)မှ စာပေထူးချွန်ဆု ရရှိသူ သင်တန်းသား ဖြိုးသီဟလွင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

✧ **ကျောဖုံးမှ**

ဆက်လက်၍ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ် (၅)မှ အကောင်းဆုံး သင်တန်းသားဆုရရှိသူ သင်တန်းသားအမှတ်(၁၀၃၆) သင်တန်းသား ညီညီအောင်၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ သင်တန်းသားအမှတ် (၁၀၄၉) သင်တန်းသား ဝေဖြိုးအောင်၊ စာပေထူးချွန်ဆုရရှိသူ သင်တန်းသားအမှတ်(၁၀၇၅)သင်တန်းသား ဖြိုးသီဟလွင်တို့အား ဆုများကို အသီးသီးပေးအပ်ချီးမြှင့်သည်။

မိန့်ခွန်းပြောကြား

ထို့နောက် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သင်တန်းတပ်ခွဲများအား မိန့်ခွန်းပြောကြားသည်။

[ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏မိန့်ခွန်းအပြည့်အစုံကို ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။]

ယင်းနောက် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြ အခမ်းအနားအပြီးတွင် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တပ်မတော်ဆေးတက္ကသိုလ်ပင်မစာသင်ဆောင်ရှိဧည့်ခန်းမဆောင်၌ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်း အမှတ်စဉ်(၅)မှ ထူးချွန်ဆုရရှိကြသည့် သင်တန်းသား သုံးဦးနှင့် ၎င်းတို့၏မိဘများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဂုဏ်ပြုဩဝါဒစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရရှိကြသည့် သင်တန်းသား သုံးဦးနှင့် ၎င်းတို့၏ မိဘများအား ဂုဏ်ပြုဩဝါဒစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈–၁–၂၀၀၈(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ ခရမ်းချောင်းတံတား
- ၈:၁၅ ၈။ အကပြိုင်ပွဲ
- ၈:၂၀ ၉။ နှောင်းခေတ်တေးပဒေသာ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Let's Go.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
- ၅:၁၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၅:၁၅ ၆။ ခံစားနားဆင်တေးဓာတ်ဝင်
- ၅:၂၅ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၅:၃၀ ၈။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၇:၁၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မြူခိုးဝေဝေချစ်သက်တည်" (အပိုင်း–၁၃)**
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စေတမန်" (အပိုင်း–၁၅)**
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

ဒုတိယ တပ်မတော်ကာ
တပ်မတော်သူနာပြုနှင့် ဆေ

**တပ်မတော်သူနာပြုနှင့် ဆေးဘက
ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆေ
ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗ**

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းနှင့် ၎င်းတို့၏ ဇနီးများ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မင်္ဂလာဒုံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် အကြံပေးပုဂ္ဂိုလ်

မိတ္ထီလာ တပ်မတော်ကလေးများ

မိတ္ထီလာ တပ်မတော်ကလေးမျာ
ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏
(စနေနေ့) နံနက် ၈ နာရီမှ မွန်းတည့်
ဝိပဿနာတိုက် စိန်တိုးဓမ္မာရုံတွင် ကျ

အဆိုပါပူဇော်ပွဲသို့ ဆရာ၊ ဆ
တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူ
ဖုန်း–၂၁၂၁၉၆၊ ဒေါ်သန်းသန်းအေးမော
ဖုန်း–၅၉၀၅၇၅ တို့ထံသို့ ဆက်သွယ်လှူ

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၇

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်ချီးမြှင့်သည်။

ဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပသည့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းနှင့် ၎င်းတို့၏ ဇနီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မင်္ဂလာဒုံတပ်နယ်မှ တပ်မတော် အရာရှိကြီးများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် အကြံပေးပုဂ္ဂိုလ်များ၊ ပါမောက္ခ ဌာနကြီးမှူးများ၊ ပါမောက္ခ ဌာနမှူးများ၊ ကထိက ဌာနမှူးများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း သင်တန်းသားများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဖျော်ဖြေ

သင်တန်းဆင်း ဂုဏ်ပြုညစာ စားပွဲ အပြီးတွင် တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမဆောင်ကြီး၌ မြဝတီတေးဂီတအဖွဲ့၊ မြဝတီအငြိမ့်အဖွဲ့နှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ အနုပညာရှင်များက အဆို၊ အကများဖြင့် ဖျော်ဖြေကြသည်။

(သတင်းစဉ်)

တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် သင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူ များအား တွေ့ရစဉ်။

(သတင်းစဉ်)

မိတ္ထီလာ တပ်မတော်ကလေးများအထက်တန်းကျောင်း (အထက-၃) အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၇

မိတ္ထီလာ တပ်မတော်ကလေးများအထက်တန်းကျောင်း (ယခု အထက-၃)တွင် ပညာသင်ကြားခဲ့သော ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆရာကန်တော့ပွဲကို ဖေဖော်ဝါရီ ၂ ရက် (စနေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ အမှတ်(၁၈၅) ဓမ္မစေတီလမ်း ဗဟန်းမြို့နယ်ရှိ မိုးညှင်းဝိပဿနာတိုက် စိန်တိုးဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါပူဇော်ပွဲသို့ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဗိုလ်မှူးကြီးကျော်ညွှန့် ဖုန်း- ၀၉၈၀ ၃၁၀၁၄၊ ကိုဇော်နေဝင်း ဖုန်း-၂၁၂၁၉၆၊ ဒေါ်သန်းသန်းအေးမောင် ဖုန်း- ၂၁၅၅၀၁/၀၂၊ ကိုသန်းထိုက် ဖုန်း-၂၁၁၃၀၉၊ ကိုသောင်းဟန် ဖုန်း-၅၉၀၅၇၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအကြီးအကဲများထံမှ သဝဏ်လွှာများပေးပို့

ရန်ကုန် ဇန်နဝါရီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံအကြီးအကဲများထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့လျက်ရှိသည်။

တူရကီ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ တူရကီသမ္မတ မစ္စတာ အဗ္ဗဒူလာဂူး(လ်)ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သပါကြောင်း၊ အဆွေတော်ကျန်းမာရွှင်လန်းစေရန်နှင့် မြန်မာပြည်သူများ ပြည့်ဝအောင်မြင်စေရန် ဆုတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

ဆော်ဒီအာရေဗျ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ် အဗ္ဗဒူလာဘင် အဗ္ဗဒူလ်အာဇစ် အယ်လ်ဆာအုဒ်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဆော်ဒီပြည်သူများကိုယ်စား လည်းကောင်း၊ အစိုးရအဖွဲ့ကိုယ်စား လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ အဆွေတော် ကျန်းမာ၊ ပျော်ရွှင်စေရန်နှင့် မြန်မာပြည်သူများ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ကြွယ်ဝချမ်းသာခြင်းတို့နှင့် ပြည့်စုံပါစေရန် ဆုတောင်းမေတ္တာပို့အပ်ပါကြောင်း ဖော်ပြသည်။

တောင်အာဖရိက

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ သာဘိုအမ် အမ်ဘီကီထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ရင်းနှီးချစ်ကြည်မှု ခိုင်မာတိုးတက်စေရန် ဆက်လက်ကြိုးပမ်းသွားကြမည်ဖြစ်ကြောင်း၊ အဆွေတော် ကိုယ်စိတ်နှလုံး ရွှင်ပြုံးစေရန်နှင့် မြန်မာပြည်သူများ တိုးတက်အောင်မြင်စေရန် ဆုတောင်းအပ်ပါကြောင်း ဖော်ပြပါရှိသည်။ (ကြေးမုံ)

မြင်းခြံမြို့နယ်အသင်း သက်ကြီးပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၇

မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် ရတနာလမ်းရှိ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်၍ ရန်ကုန်ရောက် မြင်းခြံမြို့နယ်သူ၊ မြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

အသက် (၈၀)နှင့်အထက် အဘိုးအဘွားများ၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်သော ရန်ကုန်ရှိ မြင်းခြံမြို့နယ်သူ၊ မြို့နယ်သားများ၏ သားသမီးများသည် ဒေါက်တာ ဦးဖေစိန် ဖုန်း-၅၀၃၂၇၀၊ ဦးစိန်ဝင်း ဖုန်း-၅၇၀၄၉၂၊ ဦးမောင်မောင် ဖုန်း- ၂၉၆၂၆၈၊ ဦးထိန်လင်း ဖုန်း- ၆၉၉၅၀၉နှင့် ဦးကြည်မောင် ဖုန်း- ၅၄၈၂၈၉ တို့ထံ ဆက်သွယ်သတင်းပေးပို့ကြရန် နှိုးဆော်ထားသည်။

(က-ပ)

စာဆိုတော်နေ့အထိမ်းအမှတ် စာအုပ်ဈေးပွဲတော်ပိတ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၆၉ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် စာအုပ်ဈေးပွဲတော် ပိတ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ရက် ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်ဥယျာဉ်ကမ္ဘာ မုခ်ဦးရှေ့၌ ကျင်းပရာ ရေးဦးစွာ စာအုပ်ဈေးပွဲတော်၌ ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချခဲ့ကြသည့် စာအုပ်အရောင်းဆိုင် ၄၈ ဆိုင်တို့က စုစုပေါင်း အလှူငွေကျပ် ၃၇၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်များက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ကြေညာ

ထို့နောက် စာအုပ်ဈေးပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)က ကျေးဇူးတင်စကား ပြောကြားပြီး စာအုပ်ဈေးပွဲတော် ပိတ်သိမ်းလိုက်ကြောင်း ကြေညာသည်။

၁၃၆၉ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် စာအုပ်ဈေးပွဲတော်တွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် စာပေဗိမာန် စာအုပ်ဆိုင် အပါအဝင် စာအုပ်ဆိုင်ပေါင်း ၆၀ တို့က ဆိုင်ခန်းပေါင်း ၁၀၁ ခန်း ဖွင့်လှစ်၍ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ကိုးရက်တိုင် စာအုပ်များကို ဈေးနှုန်း သက်သာစွာဖြင့် ရောင်းချခဲ့ရာ ငွေကျပ် ၂၅၉၈၅၈၀၀ ခန့် ရောင်းချခဲ့ရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် မြတ်ကြီး၏ ထီးတော်သစ်ကြီးတင်လှူပူဇော်ရန်အတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တ တေဇဝန္တ မိုးမိတ်ဆရာတော်ကြီး လှူဒါန်းသော နဝကမ္မအလှူငွေကျပ် ၁၀၀၀၀၀ ကို ကမ္ဘာအေးစေတီ ဂေါပကအဖွဲ့ဝင် ဦးသိန်းဦးက ဆရာတော်ကြီး၏ကိုယ်စား ပေးအပ်လှူဒါန်းရာ ရုံးအဖွဲ့မှူး ဦးအောင်သန်း လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ် (၁၆)ရပ်ကွက်အတွင်းရှိ သာသနာဒီပ (သဲအင်းဂူ) ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းအဝင် မဂ္ဂင်လမ်းမကြီး ခင်းရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို အဆိုပါကျောင်း၌ ဒီဇင်ဘာ ၂၆ ရက်က ကျင်းပရာ ပဓာန နာယကဆရာတော် ဘဒ္ဒန္တသိရိန္ဒအား အမှူးထား၍ ဦးချစ်မောင်-ဒေါ်စိန်ချစ်တို့အား ရည်စူးလျက် သမီးဖြစ်သူ မဝဏ္ဏာသီဂီကအလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (၂၃)

နိုင်ငံတော်ဩဝါဒါစရိယဆရာတော် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့ တောမတောင်ပေါ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ အဂ္ဂဝံသ၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်း၊ ကျောက် ဆည်ခရိုင်၊ စဥ့် ကိုင်မြို့ တောမရွာခ မည်း တော် ဦးလွင်၊ မယ်တော် ဒေါ်သွဲ့တို့မှ ၁၂၈၁ ခုနှစ် တန်ခူးလပြည့်ကျော် ၂ ရက်နေ့ တွင် ဖွား မြင် သော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၆ ခုနှစ်တွင် တောမတောင်ပေါ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၃၀၁ ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ ရက်နေ့တွင် ရေလည်ကျောင်း ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒကျောင်းကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် စဥ့်ကိုင်မြို့ တောမတောင်ပေါ်ကျောင်း ဆရာတော် ဘဒ္ဒန္တပညိန္ဒ၊ ပခုက္ကူမြို့ မဟာဝိဇယာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇဝန(အဘိဓဇမဟာရဋ္ဌဂုရု)၊ မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တနာရဒ(အဂ္ဂမဟာပဏ္ဍိတ)တို့ထံတွင် ပါဠိအဋ္ဌကထာ၊ဋီကာ ကျမ်းစာများကို သင်ယူဆည်းပူးတော်မူ၍ သာသနဓဇသိရီပဝရ ဓမ္မာစရိယ စာမေးပွဲ ကို အောင်မြင်တော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့်သာသနာရေးဆောင်ရွက်တော်မူခြင်း

ဆရာတော်ကြီးသည် မန္တလေးမြို့ ပထမပြန်စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင် အဖြစ်လည်းကောင်း၊ ဓမ္မာစရိယစာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ စဥ့်ကိုင်မြို့ သာသနာရေးဆိုင်ရာတာဝန်များကို ဩဝါဒါစရိယအဖြစ် လည်းကောင်း ဆောင်ရွက်၍ လက်ရှိကျောင်းတိုက်အတွင်း စေတီပုထိုး၊ ကျောင်း၊ ကန်၊ ဇရပ်များ ဆောက်လုပ်ပြုပြင်ဆောင်ရွက်လျက်ရှိပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာအကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော်(၈၈)နှစ်၊သိက္ခာတော်(၆၈)ဝါအရ ၁၃၆၉ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်၊ သောကြာနေ့နံနက် ၄နာရီ မိနစ်၃၀အချိန်တွင် သီတင်းသုံးတော်မူရာ ကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်းသာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၁-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅:၁၅	၈။	မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပုံရိပ်ပမာ (အပိုင်း-၅၉)**
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	မွေးမြူသုတ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်ချစ်သူရဲကောင်း" (အပိုင်း-၂၁)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

ထူး ခြား ဖြစ် စဉ် သ တင်း

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ စိုင်ခြိုကျေးရွာအုပ်စု နဂါးတောင်၌ ရွှံ့မီးတောင်ပေါက်ကွဲ

ရန်ကုန် ဇန်နဝါရီ ၇

ကျောက်ဖြူမြို့နယ် စိုင်ခြိုကျေးရွာအုပ်စု အရှေ့ဘက်တစ်မိုင်ခန့်အကွာ နဂါးတောင်တွင် ဇန်နဝါရီ ၅ရက် နံနက် ၁၁နာရီ ၄၅မိနစ်ခန့်က ရွှံ့မီးတောင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရွှံ့မီးတောင်ပေါက်ကွဲစဉ် ပေါက်ကွဲသံ မြည်ဟည်းသွားပြီး မီးလျှံများနှင့်အတူ ချော်ရည်များပန်းထွက်ခဲ့သည်။ မီးလျှံမှာ အမြင့်ပေ ၃၀၀ခန့်အထိ မြင့်တက်သွားခဲ့ပြီး ပေါက်ကွဲမှုမှာ မွန်းတည့် ၁၂ နာရီခန့်တွင် ငြိမ်သက်သွားခဲ့သည်။

ယင်းနောက် ၂၅မိနစ်ခန့်အကြာတွင် ပထမ ပေါက်ကွဲသည့် မီးတောင်၏ တောင်ဘက် ကိုက် ၁၅၀ခန့်အကွာတွင် ဒုတိယ မီးတောင်တစ်ခုမှ မီးခိုးများ၊ ချော်ရည်များ အပေါ်သို့ ၂၅ပေခန့် ပန်းထွက်လာပြီး ပြန်လည်ငြိမ်သက် သွားခဲ့သည်။ ယင်းနောက် ပထမမီးတောင်မှပင် ထပ်မံပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ မြည်ဟည်းသံများနှင့်အတူ မီးတောက်မီးလျှံများ၊ ချော်ရည်များ ပန်းထွက်လာပြီး မီးလျှံများမှာ အမြင့်ပေ ၂၅၀ ခန့်အထိ မြင့်တက်ခဲ့ကာ ၁၂နာရီခွဲတွင် ပေါက်ကွဲမှု ငြိမ်သက်သွားခဲ့ကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် လူ၊ ကျွဲ၊ နွားနှင့် တိရစ္ဆာန်များသေဆုံးပျက်စီးမှုမရှိဘဲ မီးတောင်ဝန်းကျင်၌ အချင်းဝက်ပေ ၂၀၀ ပတ်လည်ခန့် ချော်ရည်များ ဖုံးလွှမ်းခဲ့ကြောင်းသိရသည်။ (သတင်းစဉ်)

မင်္ဂလာဈေး ဒုတိယထပ်တွင် ဈေးပိတ်ထားချိန်အတွင်း ဆိုင်ခန်းပေါင်း ၃၇ခန်းမှ ကုန်ပစ္စည်းများခိုးယူခံရ

ရန်ကုန် ဇန်နဝါရီ ၇

မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်ရှိ အဆင့်မြင့်မင်္ဂလာဈေးတွင် ဇန်နဝါရီ ၅ရက် နံနက် ၇နာရီ ဈေးဖွင့်ချိန်၌ အဝတ်အထည်၊ ဖိနပ်စသည့် လူသုံးကုန်ပစ္စည်းများ ရောင်းချသည့် ဒုတိယထပ်မှ ဆိုင်ခန်းပေါင်း ၃၇ခန်းတွင် ဗီရိုတံခါးသော့များအား ရိုက်ဖွင့်ကာ ပစ္စည်းများနှင့်ငွေများ (တန်ဖိုးစိစစ်ဆဲ) ခိုးယူခံရသည်။

ဇန်နဝါရီ ၃ ရက် ညနေ ၆နာရီ ဈေးပိတ်ချိန်တွင် ဈေးလုံခြုံရေးများက ဈေးအတွင်းမှ လူများကိုခေါင်းလောင်းထိုးသတိပေး၍ ပြင်ပသို့ထွက်ခွာစေခဲ့ကြောင်း၊ ဇန်နဝါရီ ၄ ရက်တွင် ဈေးပိတ်ပြီးနောက် ယခုကဲ့သို့ ဈေးပြန်ဖွင့်သည့်ရက်၌ ပစ္စည်းများအခိုးခံရသည်ကိုသိရှိရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခရီးသည်တင်ယာဉ်ဘရိတ်ပေါက် လမ်းဘေးဓာတ်တိုင်တိုက်မိကာ ခရီးသည်အချို့ဒဏ်ရာရရှိ

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့အဝင် ထန်းတောကျေးရွာအနီး၌ ယမန်နေ့ မွန်းလွဲ ၂နာရီခန့်တွင် ဒလမှ ဖျာပုံမြို့သို့ထွက်ခွာလာသောယာဉ်မောင်း စိုးမြင့်(၅၂)နှစ် မောင်းနှင်သည့် ဟီးနိုးဘီအမ် မော်တော်ယာဉ်သည် တိုက်ရှော့ပြုတ်ကာ ဘရိတ်ပေါက်၍ လမ်း၏ ယာဘက်သို့ ထိုးဆင်းသွားပြီး လမ်းဘေးရှိ ဓာတ်တိုင်ကို ဝင်တိုက်ကာရပ်တန့်သွားသည်။ ယာဉ်ပေါ်ရှိခရီးသည် ၄၈ဦးအနက် အမျိုးသားငါးဦး၊ အမျိုးသမီးလေးဦးမှာ ပေါက်ပြဲဒဏ်ရာရရှိ၍ ကွမ်းခြံကုန်း ပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ရာ ခရီးသည် ဦးခင်ကြိုင်(ဘ) ဦးမြလေး လမုကြီးကျေးရွာ ဒေးဒရဲမြို့နယ်တစ်ဦးသာ အတွင်းလူနာအဖြစ် ကုသလျက်ရှိသည်။ ယာဉ်မတော်တဆမှုနှင့်ပတ်သက်၍ ကွမ်းခြံကုန်းရဲတပ်ဖွဲ့စခန်းမှ (ပ)သတင်းချက်အမှတ် ၄/ ၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇/ ၃၃၈ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ (သတင်းစဉ်)

မူးယစ်ရမ်းကားသူတစ်ဦးက ပြန်လည်ခုခံရိုက်နှက်ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသဖြင့် အမှုဖွင့်အရေးယူ

ရန်ကုန် ဇန်နဝါရီ ၇

အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် ဇီးအုံကုန်းလမ်း အမှတ် ၁၂၇နေအိမ်ပေါ်သို့ ဇန်နဝါရီ ၅ရက် ညနေ ၄နာရီခွဲခန့်တွင် စောမလျံ(ခ)စောတိုက် (၄၀)နှစ် (ဘ)ဦးစောလှချစ် ဇီးအုံကုန်းလမ်း နံ့သာကုန်းရပ်ကွက် အင်းစိန်မြို့နယ်နေသူသည် အရက်သောက်စားပြီး ကျူးကျော်တက်ရောက်ရမ်းကားနေကြောင်း အိမ်ရှင်ဖြစ်သူ စိုးပိုင်(၃၇)နှစ်က အင်းစိန်မြို့နယ်၊ အမှတ် ၃ ရဲကင်းသို့ တိုင်ကြားသဖြင့် ရဲကင်းမှူး ဒုရဲအုပ်လှအောင်နှင့်အတူ ရဲတပ်ကြပ်ခင်ဇော်ဗိုလ်၊ ရဲတပ်ကြပ်ကျော်စွာမြင့်တို့ကသွားရောက်ဖမ်းဆီးခဲ့သည်။

ထိုသို့ဖမ်းဆီးစဉ် စောမလျံ(ခ) စောတိုက်သည် အသာတကြည် အဖမ်းမခံဘဲ ဝါးရင်းတုတ်ဖြင့် ပြန်လည်ခုခံရန်ပြု ခဲ့ရာ ရဲတပ်ကြပ် ကျော်စွာမြင့်၏ ယာလက်ခုံ၊ ယာလက်ချောင်းများ ဖူးရောင်ညိုမည်း ပွန်းပဲ့ဒဏ်ရာများရရှိကာ အင်းစိန်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ နေအိမ်ပေါ် ကျူးကျော်ဖျက်ဆီးမှုနှင့် တာဝန်အရ ဆောင်ရွက်သည့် ရဲတပ်ဖွဲ့ဝင်များအား ခုခံရိုက်နှက်သူ စောမလျံ(ခ)စောတိုက်အပေါ် အင်းစိန်ရဲစခန်းမှ (ပ)သတင်းအချက် အမှတ် ၄၂/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၂နှင့် ပုဒ်မ ၃၃၃ဖြင့်အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ (သတင်းစဉ်)

မှုခင်းသတင်းများ

လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ ဖြင့် **"သီရိသုဓမ္မမဏိဇောတဓရ ချမ်းမြေ့သီတဂူ ဦးနိုင်ဦး (မိဘရိပ်)"** မိဘရိပ်ကုမ္ပဏီလီမိတက် အုပ်ချုပ်မှု ဒါရိုက်တာနှင့် မိဘရိပ်သစ်စက်လုပ်ငန်းရှင်အား **"အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသည့်အတွက် မြတ်ဗုဒ္ဓသာသနာတော်အကျိုး ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက် အပ်ပါသည်။

**ဆုတောင်းပြည့် အောင်စေတီဂေါပကအဖွဲ့
ယခင် (ဆင်ခြေရာကျေးရွာ) (၈၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်**

အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/ ၂၀၀၈ ဖြင့် **"သီရိသုဓမ္မသီဂီ ဒေါက်တာမြတ်မြတ်အုန်းခင်"** အား **"အဂ္ဂမဟာ သီရိသုဓမ္မသီဂီ"** ဘွဲ့တံဆိပ် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် ဘိုးဘွားမိဘတို့၏ သာသနာအမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းခြင်းနှင့် နိုင်ငံအကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**ချစ်ခင်ပွန်း – ဦးအောင်ဇော်မြင့်
ချစ်သမီးကြီး – နန်းကလျာဇော်
ချစ်သား/ချစ်သမီး – ပြည့်ဖြိုးဇော်-ဝေဝေဖြိုးလှိုင်
ချစ်သမီးငယ် – ဂျူးဂျူးဇော်(ခ)ခင်အိန္ဒြာဇော်**

ဖခင်ကြီး ဦးလှရွှေ(ခ) လင်ကိုပါအား ရည်စူး၍ မိခင်ကြီး ဒေါ်ရင်စွမ်၏ (၇၈)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ကြည့်မြင်တိုင်မြို့နယ် ဆေး/ငြိမ်းရပ်ကွက် ဓမ္မပိယကျောင်း ပြုပြင်ရန်အတွက် အလှူငွေကျပ်သိန်း ၂၀ ကို ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနေ သမီးများဖြစ်ကြသော ဒေါ်လှအေး၊ ဒေါ်ခင်ခင်ရွှေ၊ ဒေါ်မြင့်မြင့်မော်တို့က ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဥတ္တမထံ ဇန်နဝါရီ ၄ ရက်က ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/ ၂၀၀၈ ဖြင့် အောင်ကောင်းကျော် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် အုပ်ချုပ်မှု ဒါရိုက်တာ **"သုဓမ္မသီဂီ ဒေါ်ဆွေသဇင်"** အား **"သီဟသုဓမ္မသီဂီ"** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းအတွက် နိုင်ငံအကျိုး၊ သာသနာတော်အကျိုးများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဝန်ထမ်းမိသားစုများ

တရားတော်များ ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ် (၅)ရပ်ကွက် ၃၇ လမ်း (အောက်လမ်း) မိသားစု၏ ၁၃၆၉ ခုနှစ်ဝါတွင်း မဟာသံဃိက ဘောဇနဒါန ဆွမ်းအောင်ပွဲ အထိမ်းအမှတ်အဖြစ် ကျင်းပမည့် ပထမအကြိမ် ဓမ္မသဘင်တွင် ဇန်နဝါရီ ၁၁၊ ၁၂ နှင့် ၁၃ ရက် ည ၇ နာရီတွင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယော ဆရာတော်ကြီး)၊ ဓမ္မကထိက ဗဟုဇနဟိတဓရ တွံတေး အရှင်ကုဏ္ဍက (သီရိမင်္ဂလာ မဟာစည်ဆရာတော်) နှင့် နိုင်ငံကျော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ အရှင် အာစာရာလင်္ကာရ(စစ်ကိုင်း-ရွှေဟင်္သာ ဆရာတော်)တို့က အသီးသီး တရားတော်များကို ဟောကြားတော်မူမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၈ ဖြင့် မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ ဗဟိုအလုပ်အမှုဆောင်၊ **ဦးအာဝါး(ခ) ဦးထွန်းဝင်း** အား **"သုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် နိုင်ငံ့အကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (၁၄)ကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၏ (၁၄)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၁၂ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် မင်္ဂလာခန်းမ UMFCCI Office Tower ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်၍ အသင်းဝင်များထံသို့ ဖိတ်စာများကိုတင်ပေးပို့ထားပြီးဖြစ်ကြောင်းနှင့် ဖိတ်စာမရရှိသော အသင်းသူ၊ အသင်းသားများသည် အသင်းရုံးအမှတ်-၂၉၊ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ဖုန်း-၂၁၄၈၃၀၊ ၂၁၄၈၃၁ တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၁၁ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ဖော်ပြပါခန်းမ၌ "စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဟောပြောပွဲ" ကို ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ကျေးဇူးရှင် အမေ **"သီရိသုဓမ္မသီဂီ ဒေါ်ဒေါ်ကျင်"** သည် ၄-၁-၂၀၀၈ ရက်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/ ၂၀၀၈ ဖြင့် **"အဂ္ဂမဟာသီရိသုဓမ္မသီဂီ"** ဘွဲ့တံဆိပ်တော်ကို ထပ်မံချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ရပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာတော်အကျိုးနှင့် ဝေနေယျအကျိုးများစွာတို့ကို သက်ရှည်ကျန်းမာစွာဖြင့် ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း သား၊ သမီးမြေးများက ဆုတောင်းမေတ္တာပြုအပ်ပါသည်။

**သားသမီး – ဒုတိယဗိုလ်မှူးကြီးသန်းထွန်း(ငြိမ်း)-ဒေါ်တင်တင်လှ
မြေးများ – မသင်းသီရိထွန်း၊ ဗိုလ်ကြီးဝေယံမင်းထွန်း၊
မောင်ဝေဟင်မင်းထွန်း**

အောင်ဆန်းသူရိယလှသောင်းကျောင်း (ဘော်ဒါ)ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

အောင်ဆန်းသူရိယလှသောင်းကျောင်း (ဘော်ဒါ)ကျောင်းသားဟောင်းများ (၁၉၆၁-၁၉၇၂) ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကွင်းကျောင်းပရိယတ္တိစာသင်တိုက် ဓမ္မဗိမာန်တော် ကွင်းကျောင်းလမ်း အလုံမြို့နယ်၌ ဖေဖော်ဝါရီ ၁၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဒုတိယဗိုလ်မှူးကြီးညွန့်ဝင်း(ငြိမ်း) ဖုန်း-၂၂၅၃၆၅၊ ဦးအောင်ငွေ ဖုန်း-၂၂၉၇၃၃၊ ဦးခင်ညိုကျော်အောင် ဖုန်း-၀၉ ၅၀၀၀၉၄၁၊ ဦးတင်အောင် ဖုန်း-၀၉ ၅၀၀၀၇၆၃၊ ဦးခင်မောင်ကို ဖုန်း-၆၆၅၅၄၂၊ ဦးအောင်သူဆန်း ဖုန်း-၆၈၁၂၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သတင်းရရှိသည်။

(က-ပ)

မျက်မှန်နန်းတော်မှ မှန်

မျက်မှန် ဝယ်ယူသည့်အခါ (Organic) မှန်တစ်စုံလက်ဆောင်ပေးမည်ဖြစ်ကြောင်း လက်ဆောင်

အမှတ်-၃၄၈၊ ရွှေဘုံသာအထက်လမ်း၊ ရန်ကုန်မြို့။ 09-51-81539

ဝန်ထမ်းအလိုရှိသည် (မြန်မာကျပ်ငွေဖြင့်သာ)

ရွှေပြည်သာစက်မှုဇုန်ရှိ Ghani Win Int'l Modern Processing Plant & Cold Storage တွင်ခန့်ထားရန် လုပ်ငန်းအတွေ့အကြုံရှိပြီး ယုံကြည်မှု အပြည့်အဝရှိ၍ ရိုးသားကြိုးစား အလုပ်လုပ်ချင်စိတ်ရှိသူများ အောက်ပါရာထူးနေရာများအတွက် လျှောက်ထားနိုင်ပါသည်။

(၁) **Factory Manager (စက်ရုံမှူး)** ကျား (၁)ဦး
ဘွဲ့ရသူဖြစ်ပြီး MBA/Human Resource နှင့် ပတ်သက်သော ဒီပလိုမာ ရရှိ၍ အသက်(၅၀)နှစ်အောက်ရှိပြီး အင်္ဂလိပ်စာ အသင့်အတင့် ရေး/ပြောနိုင်ရမည်။ ငါး၊ ပုစွန်အအေးခန်းစက်ရုံတွင် အုပ်ချုပ်မှုလုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိ၍ စာရင်းဇယားနှင့်တကွ ကျွမ်းကျင်ပိုင်နိုင်စွာ တာဝန်ယူအုပ်ချုပ် စီမံခန့်ခွဲနိုင်သူဖြစ်ရမည်။

(၂) **Production Manager (ထုတ်လုပ်မှု မန်နေဂျာ)** ကျား (၁)ဦး
ငါးပုစွန် ပြုပြင်ထုတ်လုပ်မှုလုပ်ငန်းတွင် အထူးကျွမ်းကျင်၍ ထုတ်လုပ်မှုတစ်ခုလုံးကို တာဝန်ခံနိုင်ပြီး တိုးတက်သောအမြင်ဖြင့် Product အသစ်များနှင့် ထုတ်ပိုးမှုဆိုင်ရာ အမြင်ရှိသူဖြစ်ရမည်။ အအေးခန်းစက်ရုံတွင် အတွေ့အကြုံ (၅) နှစ်ရှိပြီးငါး၊ ပုစွန် ထုတ်လုပ်ရေးဝန်ထမ်းများကို တာဝန်ယူစီမံအုပ်ချုပ်နိုင်သူဖြစ်ရမည်။ အသက်(၃၅)နှစ်နှင့် (၄၅)နှစ်ကြားရှိရမည်။

(၃) **Logistics & Operation Manager (Any Graduate)** ကျား (၂)ဦး
ကုန်ပစ္စည်းသိုလှောင်ခြင်းနှင့်ထိန်းသိမ်းခြင်း၊ စတော့စာရင်းအင်းကို နားလည်၍ အင်္ဂလိပ်စာအရေးအဖတ် ကျွမ်းကျင်၍ ကားနှင့်ပတ်သက်ပြီး နားလည်သူဖြစ်ရမည်။ ရေခဲ/ရေခဲနင်းများနှင့်ပတ်သက်၍ Processing နှင့် Packing ပိုင်းများတွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိပြီး အသက်(၃၀)နှစ်နှင့် (၄၀)နှစ်ကြား ရှိရမည်။

(၄) **Chief Accountant (B.Com, CPA(or) DA)** ကျား/မ (၁)ဦး
လုပ်သက်အနည်းဆုံး(၅)နှစ်ရှိရမည်။ စာရင်းဇယားအားလုံးကို ကျွမ်းကျင်စွာထိန်းသိမ်းနိုင်ရမည်။ Trading (Export) စာရင်းနှင့်ပတ်သက်၍ အတွေ့အကြုံရှိပြီး ငွေစာရင်းဌာနနှင့် လုပ်ငန်းတစ်ခုလုံး၏ စာရင်းကို ထိန်းသိမ်းနိုင်သူ၊ အလုပ်အပေါ် အချိန်ပြည့်မြှုပ်နှံနိုင်စိတ်ရှိ၍ Computerized Accounting ကျွမ်းကျင်ရမည်။ Final Account ရေးဆွဲနိုင်သူဖြစ်ရမည်။

(၅) **Admini Manager (Any Graduate)** ကျား (၁)ဦး
Administration လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ခန့်ရှိရမည်။ တည်ဆဲဥပဒေများကိုသိရှိပြီး dealing ကောင်းမွန်၍ ဌာနဆိုင်ရာ အဝင်အထွက် အတွေ့အကြုံရှိပြီး ရုံးလုပ်ငန်းဆိုင်ရာကိစ္စများကို ကျွမ်းကျင်ရမည်။ Export Procedure နားလည်ပြီး ထုတ်လုပ်မှုပိုင်းတွင် အသစ်တီထွင်နိုင်စွမ်းရှိရမည်။ လုပ်ငန်းတာဝန်ကို စနစ်တကျ စီမံခန့်ခွဲတတ်ရမည်။ စိတ်ရှည်သည်းခံပြီး နားလည်မှုအပြည့်ရှိရမည်။ အင်္ဂလိပ်စာအရေးအပြော ကျွမ်းကျင်ရမည်။ အသက် (၃၅-၄၅)နှစ်ကြား ရှိရမည်။

(၆) **Senior Accountant [B,Com,LCCI Level III(or)CPA]** ကျား/မ(၂)ဦး
Trading (Export) စာရင်းလုပ်ငန်းကျွမ်းကျင်သူဖြစ်ရမည်။ Computer Excel ကျွမ်းကျင်စွာသုံးနိုင်သူဖြစ်ရမည်။ ရေလုပ်ငန်းနားလည်သူ ဦးစားပေးမည်။ အနည်းဆုံး လုပ်သက်သုံးနှစ်နှင့် အထက်ဖြစ်ရမည်။

(၇) **Accountant (B.Com,LCCI Level III)** ကျား/မ (၂)ဦး
ငါး၊ ပုစွန်နှင့် ပတ်သက်သော စာရင်းများ၊ Stock များ၊ Form 7/10 နှင့် % တွက်ချက်ခြင်းများကို ကျွမ်းကျင်ပိုင်နိုင်သူဖြစ်ပြီး အအေးခန်းနှင့် ပတ်သက်သော စာရင်းများကိုလည်း ကျွမ်းကျင်မှုလည်း ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်သူဖြစ်ပြီး အအေးခန်းစက်ရုံ(ရွှေပြည်သာ)တွင် လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။ လုပ်ငန်းကျွမ်းကျင်မှုပေါ် မူတည်၍ ပညာအရည်အချင်း လျှော့ပေါ့စဉ်းစားမည်။

(၈) **ငွေကိုင် (Any Graduate)** မ (၁) ဦး
အနည်းဆုံး စာရင်းအင်းပညာနှင့် ပတ်သက်သော Diploma ဘွဲ့ရထားသူဖြစ်ပြီး ရိုးသားဖြောင့်မတ်၍ ကုမ္ပဏီအပေါ်တွင် သစ္စာရှိပြီး အနည်းဆုံး ငွေကိုင်အတွေ့အကြုံ(၃)နှစ်နှင့် အထက်ရှိရမည်။ (အသက် ၂၅နှစ်နှင့် အထက်ရှိရမည်။)

(၉) **Admin Staff (Any Graduate)** ကျား/မ (၁) ဦး
ဘွဲ့ရပြီး ရုံးလုပ်ငန်းအတွေ့အကြုံနှစ်နှစ်ရှိရမည်။ Pagemaker, Excel, E.mail& Fax ကျွမ်းကျင်စွာသုံးနိုင်သူ ဖြစ်ရမည်။

(၁၀) **Translator(အင်္ဂလိပ်စာဘာသာပြန်)** ကျား/မ(၁)ဦး
အသက် ၂၅နှစ်နှင့် အထက်ရှိပြီး Business Letter ကို ကျွမ်းကျင်စွာ ရေးသားနိုင်သူဖြစ်၍ နိုင်ငံခြားသားများနှင့် ကောင်းမွန်စွာ ပြောဆိုဆက်ဆံနိုင်သူဖြစ်ရမည်။

ရေရှည်လက်တွဲနိုင်၍ အလုပ်အပေါ် ရိုးသားကြိုးစားသစ္စာရှိစွာဖြင့် လုပ်ကိုင်နိုင်မည့်သူများသာ လျှောက်ထားရန်

မှတ်ချက်- လုပ်ငန်းကျွမ်းကျင်မှု အတွေ့အကြုံနှင့် ရိုးသားကြိုးစားမှုပေါ် မူတည်၍ Attractive Salary ပေးမည်။ လျှောက်ထားသူများသည် ကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း နောက်ဆုံးထားပြီး အမှတ်(၁၆၅)၊ ဦးထွန်းညိုလမ်း၊ ဂုံ(၃)၊ ရွှေပြည်သာမြို့နယ် (သို့မဟုတ်) စာတိုက်သေတ္တာအမှတ် (၉၈၄)သို့ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ဓာတ်ပုံ (၃)ပုံ၊ ပညာအရည်အချင်းနှင့် ယခင်လုပ်ကိုင်ခဲ့သည့် အထောက်အထားများနှင့်အတူ လျှောက်ထားနိုင်ပါသည်။

ဆရာချို (ရူပ)ဘာသာစုံ

ဂုဏ်ထူးရှင်တို့၏နေရာအမှန်

၂၀၀၈-၂၀၀၉ ပညာသင်နှစ်

တန်ခွဲအားလုံး မတ်လ (၆)ရက်နေ့စမယ်

၂၆၊ ဦးဝိစ္စာလမ်း၊ ရေကျော်၊ ဖုန်း-၅၃၀၁၁၀

ဘုရင့်နောင်ပွဲရုံတန်း နယ်မြေရှိ

လက်ရှိလုပ်ငန်းလည်ပတ်အောင်မြင်လျက် ရှိသော **အဆင့်မြင့်စားသောက်ဆိုင်** အား ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်။

Ph : 095004123

တစ်အိမ်လုံး၏ ကျန်းမာရေးအတွက် အရောအနှော ကင်းစင်ကြောင်း "အထူးအာမခံ" သည့်.

ပီအန်ပီ ပဲပုပ်ဈေ့ဆီ
ပီအန်ပီ မြေပဲဆီ

၅-ပိဿာနှင့်အထက်မှာရင် အိမ်အရောက်ပို့ပေးသည်။

ဆက်သွယ်ရန် ➤ ဆရာစံပလာဇာ၊အဆောင်(ဘီ)၊၅-လွှာ၊ ဆရာစံလမ်းနှင့်တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၄၃၃၇၅၊ ၅၅၆၄၀၅

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှ **သီရိသုဓမ္မဇောတဓရ ဦးစိုးဟန်လင်း (မြတ်လင်းလက် ကုမ္ပဏီလီမိတက်)၊ ပုသိမ်အသင်း (ရန်ကုန်)** ဥက္ကဋ္ဌ အား **"အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ"** ဘွဲ့တံဆိပ် ချီးမြှင့်ခံရသည့်အတွက် နိုင်ငံအကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ဦးသန်းအောင်လင်း-ရာပြည့်ကုမ္ပဏီလီမိတက်	ဦးကျော်ကျော်ဝင်း-စင်းမာပရိဘောဂ Co.,Ltd.
ဦးတင်အောင်-Diamond Dragon Co.,Ltd.	ဦးဝင်းငွေ-Swallow King Trading Co.,Ltd.
ဦးမြင့်နိုင်-လှဝန်းရတနာ ဆန်ရောင်းဝယ်ရေး	ဦးကိုကိုကြီး-Hotel Halpin
ဦးလေးတင့် -လှုပျံတော်ပတ္တမြား	ဒေါက်တာဦးအောင်ငွေ-ကာတီယာစိန်တိုက်
ဦးထွန်းလှ+ဒေါက်တာခင်စန်းဝင်း-တော်ဝင်နန်းအထူးကုဆေးခန်း	ဦးတင်ဦး-ဒီဇင်ဘာအလှကုန်
ဦးခင်မောင်ဝင်း-ရွှေမန်းတောင်တိုင်းရင်းဆေးဝါးလုပ်ငန်း	ဦးသက်ဝင်း-အောင်အီလက်ထရွန်နစ်
ဒေါက်တာဆန်းရွှင်-Kyi Global Associates Co.,Ltd.	ဦးလှဦး-ရွှေမင်္ဂလာအထည်ချုပ်စက်ရုံ
ဦးသိန်းလွင်-တိုးနယားပွဲရုံ၊ အာရှတော်ဝင်အထူးကုဆေးခန်း	ကုံကော်တော ဦးမျိုးအောင်-အနုပညာရှင်
ဦးထွန်းထွန်းဦး+ဒေါ်ရင်ရင်မြ-စိန်ဇေကရာဇ်စိန်တိုက်	ဦးလှငွေ-Royal Star Trading Co.,Ltd.
ဦးအောင်ရွှေ-ငွေသဇင်မင်းပဲဆီသန့်ထွန်းတောက်နိုင်Co.,Ltd.	ဦးအောင်နိုင်လေး-အင်ဂျင်နီယာ
ဦးမျိုးအောင်+ဒေါ်မြအေး-အောင်သရဖူရေယာဉ်ကုန်စည်ပို့ဆောင်ရေး	ဒေါ်ပေါ်ပေါ်-အာရှတော်ဝင်အထူးကုဆေးခန်း
ဦးထွန်းထွန်း-Fully ကျောက်မျက်ရတနာနှင့်T-S-Tစက်ပန်းထိမ်	ဦးကြည်ဝင်း-SHE ညမွေးပန်း Co.,Ltd.
ဦးမောင်မောင်စိုး-ပက်ကားစံ ဆန်နှင့်ပဲရောင်းဝယ်ရေး	ဦးအောင်သိန်းလွင်-နှင်းဆီကုန်းအထူးကုဆေးခန်း
ဦးစိုးမြတ်အောင် - S.M.A Advertising & Publishing Group	ဦးစိုးဝင်း - အင်ဂျင်နီယာမှူး (က. ည. န)

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၈ ဖြင့် **"ဦးအာဝါး (ခ) ဦးထွန်းဝင်း"** (စံပြရွှေငါးကုမ္ပဏီလီမိတက်) အား **"သုဓမ္မဇောတဓရ"** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် နိုင်ငံအကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ဦးစိန်ဟုတ်-ဒေါ်စိန်သန်း မိသားစု (လစကြာကုမ္ပဏီလီမိတက်)
ရွှေမြင့်မိုရ်လုပ်ငန်းစု (ငါးဒိုင်နှင့် ရေခဲရောင်းဝယ်ရေး)

GHEC 095020479 095018546

- English Language Courses
- English Grammar & Writing Courses
- Chinese Language Courses
- Pre -Kg & Kg

(4.A) မြောင်းမြသမ်း၊ စမ်းချောင်းမြို့နယ်။

●ဘနာဇာဘူတို နောက်ဆက်တွဲသတင်းနှင့်...

နိုင်ငံတကာ သတင်းဂျာနယ်

အဝီနေ့တိုင်း ထွက်နေပါပြီ

မြေရောင်းမည်

ဗဟန်းမြို့နယ်တွင် မြေတစ်မတ် (၀.၂၅ ဧက)၊ ၂ကွက် ရောင်းမည်။ တစ်ကွက်လျှင် ကျပ်သိန်း ၁၆၀၀ ဖြင့် ဦးရာလူရမည်။

ဆက်သွယ်ရန် ☎: ၀၉-၅၁၃၉-၉၈၁၉၊ ၂၉၂၅၀၂

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်- ၁/၂၀၀၈ ဖြင့် **"သုဓမ္မဇောတဓရ"** ဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရသော **စံပြရွှေငါးကုမ္ပဏီလီမိတက်**မှ အုပ်ချုပ်မှုဒါရိုက်တာ **ဦးအာဝါး(ခ)ဦးထွန်းဝင်း** အား နိုင်ငံအကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ဦးအောင်သိန်း+ဒေါ်သန်းသန်းအေး မိသားစု
UAT ရေခဲရောင်းဝယ်ရေး

မြန်မာနိုင်ငံ ဆရာဝန်အသင်းညီလာခံ ရက်ပြောင်းလဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

(၅၄)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း ညီလာခံဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၅ ရက် (အင်္ဂါနေ့) နံနက် ၈ နာရီသို့ ရက်ပြောင်းလဲကျင်းပမည်ဖြစ်၍ ဖိတ်ကြားထားသူများ၊ ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များ၊ အသင်းဝင်များသည် နံနက် ၇ နာရီခွဲအရောက် နေရာယူပြီး ဖြစ်ရန် ကျင်းပရေးဦးစီးကော်မတီက နှိုးဆော်ထားသည်။(သတင်းစဉ်)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဇန်နဝါရီ ၇

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် နှင့် ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့်ဧည့်သည်တော်များ၊ ...

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား သင်တန်းတပ်ခွဲများ ချီတက်အလေးပြုကြစဉ်။ (သတင်းစဉ်)

များနှင့်ဧည့်နှ်ကြားရေးမှူးများ၊ တပ်မတော်ဆေးတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ရာပြည့်၊ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်သိုးထိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းဆင်းသင်တန်းသားများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အလေးပြုခြင်းခံယူ

အခမ်းအနားတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သင်တန်းတပ်ခွဲများကို စစ်ဆေးသည်။

ယင်းနောက် သင်တန်းတပ်ခွဲများက ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးအား အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧